မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၃၈)

အတ္တသမ္မာ ပဏိဓိစ ဧတံ မင်္ဂလ မုတ္တမံ

မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆားဗီးယားသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဗီးယားသမ္မတနိုင်ငံ သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ဘောရစ်တာဒစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆားဗီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဗီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဗီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘောရစ်တာဒစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆားဗီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဗီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဆားဗီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗိုဂျေဆလာ့ဗ် ကိုစတူနီကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို ပြည်သူတို့နှင့်အတူလက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ချမ်းမြ

၁၄–၂–၂၀၀၈

ဟားခါး	–၄	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၂	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၄	ဒီဂရီစင်တီဂရိတ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၆နာရီခွဲတွင် သာကေတမြို့နယ်ရှိ ရှုခင်းသာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိပြီး ဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက်တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏အခွန်လွတ်ဈေး၊ ရွှေပြည်သာမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ လှိုင်သာယာမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတို့သို့ရောက်ရှိပြီး အခွန်လွတ်ဈေးများအတွင်းရှိ *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်)

ရေမြေရာသီဥတု အခြေခံကောင်းများအသုံးချ အရည်အသွေးကောင်း ကော်ဖီစေ့များထုတ်လုပ်

ကော်ဖီပင်သည် ရေရှည်အကျိုးဖြစ်ထွန်းနိုင်သည့်အတွက် စိုက်ပျိုးသူတောင်သူများ စီးပွားဖြစ်စိုက်ပျိုးသင့်သော သီးနှံဖြစ်သည်။ အေးမြသောရာသီဥတုနှင့် အရိပ်ရပင်များအောက်တွင် ဖြစ်ထွန်းလေ့ရှိသည့် ကော်ဖီပင်များကို ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်တို့၌ အများအပြား စိုက်ပျိုးလျက်ရှိသည်။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ကမ္ဘာ့အဆင့်အတန်းမီ ကော်ဖီပင်စိုက်ပျိုးနိုင်သည့်အတွက် ဒေသနှင့်ကိုက်ညီသောမျိုးများ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ဈေးကောင်းရရှိပြီး ဝင်ငွေတိုးပွားစေမည်ဖြစ်သည်။

ဒေသခံတောင်သူများက ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်သီးနှံများ ရွေးချယ်စိုက်ပျိုးပါက နှစ်အနည်းငယ်အတွင်း အသုံးစရိတ်ကျေပြီး အကျိုးအမြတ်ဖြစ်ထွန်းလာမည် ဖြစ်သည်။ ကော်ဖီတိုးချဲ့စိုက်ပျိုးရေးအတွက် နိုင်ငံတော်က ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချို မြို့နယ်တို့အတွင်း မြေယာများ တိုးချဲ့ဖော်ထုတ်ပေးလျက်ရှိသည်။

၁၉၉၈ခုနှစ်က ကော်ဖီစိုက်ဧက တစ်သောင်းကျော်ရှိခဲ့သော်လည်း ၂၀၀၇ခုနှစ်တွင် စိုက်ဧက ငါးသောင်းကျော်လာသဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံလာသည့်အတွက် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ကော်ဖီပင်များကို ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် အခြားသော ပြည်နယ်နှင့်တိုင်းများတွင်လည်း စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးစီမံကိန်း အောင်မြင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ လုပ်ငန်းရှင်များနှင့် တောင်သူများက ဝါယမစိုက်ထုတ် စိုက်ပျိုးခြင်းဖြင့် အဆင့်အတန်းမီ ကော်ဖီသီးနှံများ ပိုမိုထွက်ရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန် ရေမြေရာသီဥတုအခြေခံကောင်းများရှိရာ လုပ်ငန်းရှင်များအနေဖြင့် အရည်သွေးကောင်းပြီး အဆင့်အတန်းမီစေရန် အခွင့်အလမ်းကောင်းများကို ရယူဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖြစ်ထွန်းရေးကို ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ၃ရပ်ကွက် ဣန္ဒာသယ၂လမ်း အမှတ်(၃၁၀)နေ ဦးရွှေအိုင်အားရည်စူး၍ ဒေါ်စောနှမိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့်ဦးမောင်လှိုင်တို့က လက်ခံယူသည်။**(အောက်ပုံ)**

အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကအဖွဲ့ရုံး ဖုန်း-၆၆၀၀၀၆သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၅-၂-၂၀၀၈(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၅၅	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅း၂၅	၇။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၃၀	၁၁။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ** (အပိုင်း-၁၉)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	စည်သွန်ရာလမ်းမများ **တက္ကစီမင်းနှင့်မောင်ရိုးအဖွဲ့**
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၃၃)

သံဃာခရီးသည်၏ ပထမထွက်ရာလမ်း ၁၈ရက် အထူးတရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အရှင်အာဒိစ္စရံသီ (စာရေးဆရာဆန်းလွင်)၏ တရားစခန်းပွဲကို ရန်ကုန်မြို့အမှတ်၁၉ စက်မှုလက်မှု ၄လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်ရှိ သဒ္ဓမ္မကာရီဓမ္မာရုံ၌ မတ် ၄ရက်မှ ၂၁ရက်အထိ ၁၈ရက်အထူးတရားစခန်း ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

တရားစခန်းဝင်လိုသူများ ဦးမြတ်ထွန်း ဖုန်း-၅၄၃၈၂၆၊ ဒေါ်လှဲ့လှဲ့ကျော် ဖုန်း-၀၉-၅၀-၄၆၆၄၀ နှင့် ဒေါ်စောမြတ်ကလျာဆန်း (ယာယာ)ဖုန်း-၅၄၃၂၃၃၊ ၀၉-၅၁-၅၇၃၃၉တို့သို့ ဆက်သွယ်နိုင်သည်။ လူဦးရေကန့်သတ်ထား၍ ကြိုတင်စာရင်းပေးကြရန် နှိုးဆော်ထားသည်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် ၉ရပ်ကွက် ဇာနည် ၁၀လမ်းနေ ဖခင် ဦးသံဗျင်-မိခင်ဒေါ်ခင်ကျွေ(၁၀)နှစ်မြောက်အဖြစ် ဦးအောင်ကြည်၊ ဒေါ်ခင်ဖြူဗျင် မိသားစုက သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှတ် ၄၇ (အက်ဖ်) ပြည်လမ်း ၇ မိုင်ခွဲ မရမ်းကုန်းမြို့နယ်နေ ဗိုလ်မှူးသိန်းဟန် (ငြိမ်း) ဒေါက်တာဒေါ်တင်တင်လှတို့၏ နှစ်(၅၀) ပြည့် မင်္ဂလာ ဆွမ်းကျွေးအလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ သံဃာတော်နှင့်သီလရှင်များ အတွက် တစ်နေ့တာ ဆွမ်းအလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘဉာဏ်လက်ခံယူစဉ်။ (က-ပ)

လောကမာရဇိန်စေတီတော် ရွှေသင်္ကန်းကပ်ရန် လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဧရာဝတီတိုင်း မြောင်းမြမြို့ တစ်ဖက်ကမ်း ကွယ်လွယ်ကျေးရွာ မြစန္ဒာရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကမာရဇိန်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်မည်ဖြစ်ရာ သဒ္ဓါတရားနည်းများမဆို လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည်။ လှူဒါန်းလိုပါက ကွယ်လွယ်ကျေးရွာ မြစန္ဒာရပ်ကွက် ဘုရားကြီးကုန်း သဒ္ဓမ္မဝံသကျောင်းတိုက်နှင့် ဦးချစ်ဟန် ဖုန်း-၀၄၂-၇၀၀၆၉၊ ဦးတင်ထွန်း ဖုန်း-၀၄၂-၇၀၃၈၃နှင့် ဦးအောင်ကျော် ဖုန်း-၀၄၂-၇၀၀၄၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အောင်စကြာ အရှင်စန္ဒသိရီ တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၏ ပြည်တွင်းပြည်ပသာသနာပြု ဓမ္မကထိကမိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ နာယကနှင့် ကမ္မဋ္ဌာနာစရိယဆရာတော် အောင်စကြာအရှင်စန္ဒသိရီသည် ဖေဖော်ဝါရီ ၁၅ရက်၊ ၁၆ရက်နှင့်၁၇ရက်များတွင် မွန်ပြည် နယ် သံဖြူဇရပ်မြို့ ဓမ္မသဘင်၊ ၁၉ရက်တွင် ပဲခူးတိုင်း ဝေါမြို့နယ် ဖိုးစိန္တာ ကျေးရွာ လေညှင်းသာကျောင်းတိုက် အထူးတရားပွဲဓမ္မသဘင်၊ ၂၁ရက်တွင် ဝါးခယ်မမြို့နယ် ရွှေဝါချောင်းကျေးရွာ ဗုဒ္ဓပူဇနိယပွဲဓမ္မသဘင်၊ ၂၂ရက်တွင် ကျောင်းကုန်းမြို့နယ် ကိုင်းတာကျေးရွာ ဓမ္မသဘင်၊ ၂၄ရက်တွင် လှိုင်မြို့နယ် ၁၆ရပ်ကွက် ဦးအေးလမ်း မဟာဒုက်ဆွမ်းအောင်ပွဲ ဓမ္မသဘင်နှင့်၂၅ရက်တွင် မော်ဘီမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၉) ဓမ္မဗိမာန်တော်ကြီး ရေစက်ချဓမ္မသဘင်တို့၌ သစ္စာလေးပါး တရားတော်များဟောကြားမည်ဟု သိရသည်။ (က-ပ)

ဖေဖော်ဝါရီ ၁၄ရက်က ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့ညစာ့ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr. Kim Sok Chol** ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၂ရက်က (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ဖတ်ကြားစဉ်။ (က-ပ)

မြန်မာနိုင်ငံ ပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်အား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

● ***ရှေ့ဖုံးမှ***

အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ လူသုံးကုန်နှင့် စားသောက်ကုန်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များ၊ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့် ဟင်းသီး ဟင်းရွက်အရောင်းဆိုင်များ၊ ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများ အသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ အရောင်းဆိုင်များ၊ ကြည့်မြင်တိုင်ဗဟို စံပြငါးဈေး အရောင်းဆိုင်၊ ဘုရင့်နောင်ပွဲရုံနယ်မြေမှ ကုန်ခြောက်အရောင်းဆိုင်များ၊ ပုဂ္ဂလိကများ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချိုရေငန် ငါးမျိုးစုံ၊ နို့ထွက်ပစ္စည်း အရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

အောင်စကြာဆရာတော် ပြည်ပ ဓမ္မဒူတခရီးမှ ပြန်လည်ကြွရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၏ ပြည်တွင်း ပြည်ပ သာသနာပြု ဓမ္မကထိက မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ နာယကနှင့် ကမ္မဋ္ဌာန စရိယဆရာတော် အောင်စကြာ အရှင်စန္ဒသိရီ (ဓမ္မာစရိယ) သည် ထေရဝါဒ ဓမ္မဝိဟာရကျောင်းတိုက် ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့၏ ပင့်လျှောက်ချက်အရ တရုတ်(တိုင်ပေ) သို့ ပြည်ပဓမ္မဒူတခရီး ကြွရောက်တော်မူ၍ မိုးကုတ်ဝိပဿနာ တရားတော်များအား ၁၈ရက်တိုင်တိုင် ဟောကြားခဲ့ပြီး ဖေဖော်ဝါရီ ၁၂ရက် နံနက်က လေကြောင်းခရီးဖြင့် ပြန်လည်ကြွရောက်တော်မူလာရာ တပည့်ဒါယကာ ဒါယိကာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြည်ညိုကြသည်။ တရားပွဲပင့်လျှောက်လိုသူများသည် ဖုန်း- ၅၄၇၀၂၈နှင့် ၀၉-၅၁-၄၇၃၈၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဂန္ဓကုဋိယူနီကာလာကျောင်းဆောင်တော်မြတ် ကျောင်းလွှတ်ပူဇာပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒရာမ ကျောင်းတိုက်ကြီး၌ ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်၏ သက်တော်(၅၀)ပြည့်ကို ပူဇော်သောအားဖြင့် ယူနီကာလာမိသားစုတို့က ဆောက်လုပ် လှူဒါန်းသော ဂန္ဓကုဋိယူနီကာလာ ကျောင်းဆောင်တော်မြတ်ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာပွဲကို ၁၃၆၉ခု တပို့တွဲလဆန်း ၁၀ရက် (ဖေဖော်ဝါရီ ၁၆ရက်) စနေနေ့နံနက်၅နာရီတွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး နံနက် ၇နာရီခွဲတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်များ ပင့်ဆောင်ပူဇော်မည်ဖြစ်သည်။ နံနက် ၉နာရီခွဲတွင် ရေစက်ချ ကျောင်းလွှတ်ပူဇာနှင့် မွန်းလွဲ၁နာရီတွင် အနုမောဒနာတရားပွဲ အခမ်းအနား တို့ကို ကျင်းပမည်ဖြစ်သည်။ အလှူတော် မင်္ဂလာနေ့၌ တစ်ရက်တာ ဆွမ်းအလှူကို ရွှေစင်ရတနာရွှေဆိုင် မိသားစုတို့ကလည်းကောင်း၊ ယူနီကာလာမိသားစု၊ ရှိုင်းဟုပ်ကုမ္ပဏီမိသားစုနှင့် ပြည်တွင်းပြည်ပ ဓမ္မဒူတ တပည့်များမှ စုပေါင်းပြီး လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရဲတပ်ဖွဲ့သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အငြိမ်းစား ပုညကုသလ အသင်းက ကြီးမှူး၍ အသက်(၈၀)ကျော်၊ အငြိမ်းစားပုဂ္ဂိုလ်ကြီးများနှင့် ဇနီးများအား ဖေဖော်ဝါရီ ၁၇ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရဲဓမ္မာရုံကြီး၌ သက်ကြီးပူဇော်ပွဲ ကျင်းပမည် ဖြစ်ရာ အသင်းသား၊ အသင်းသူများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၃၁) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မသင်းသင်းနုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ညို ဆုချီးမြှင့်စဉ်။ (က-ပ)

သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲ ဖေဖော်ဝါရီ ၁၇ရက်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးကြပ်၍ SWESONE MEDIA GROUP၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် တတိယအကြိမ် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းရှိ Hotel Nikko ခန်းမကြီးတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆုရ စာရေးဆရာများ အချိန်မီတက်ရောက်၍ ဆုလက်ခံရယူနိုင်ရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ဖေဖော်ဝါရီ ၅ရက်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အမှတ်(၁) ရပ်ကွက်(အနောက်ပိုင်း) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် (ပထမ)ဆုရရှိသော မခင်ရတနာနွယ်အား ကျောင်းအုပ်ဆရာကြီး ဦးမြအုန်းက ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၀၈

(သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	**အမှန်မြင်သောနေ့တစ်နေ့** တရားတော် (မေတ္တာကျောင်းဆရာတော် ဘဒ္ဒန္တ ကုမာရ)
၈း၀၅ - ၂း၀၅	Activities In The City
၈း၂၅ - ၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀ - ၂း၃၀	Myanmar Video Rhythm
၈း၅၅ - ၂း၅၅	သစ်တောများ မပြုန်းတီးစေရာ စွမ်းအားမြှင့် အေဝမ်းမီးဖိုထုတ်လုပ်ရာ
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၃၅ - ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	အနာကြီးရောဂါကင်းဝေးရေးဆိုင်ရာ ကွင်းဆင်းဆောင်ရွက်ချက်များ
၁၀း၀၀-၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	Art Vision (Orchestral Urban Life)
၁၀း၂၀-၄း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန အကြောင်းသိကောင်းစရာ (အပိုင်း-၃)
၁၁း၀၀-၅း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင် ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၃၅-၅း၃၅	သံစဉ်စာသား ဖန်တီးသူများ (တေးရေးဆရာဇဝါနှင့် တွေ့ဆုံခြင်း)
၁၂း၀၀-၆း၀၀	လေလှိုင်းမှ ဖြေကြား ပရိသတ်များအမေးစကား
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅	ဖူးစာဖက်တို့ဆုံစည်းဖို့ရာ မင်္ဂလာပွဲနှင့် မှတ်တမ်းတင်ဓာတ်ပုံ
၁၂း၄၀-၆း၄၀	VJ Choice
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄



ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၄)ကို ဖေဖော်ဝါရီ ၁၅ရက် **(ယနေ့)** ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုအပတ် ဂျာနယ်တွင် စားသုံးဆီဖူလုံဖို့ ရေသွင်းနှမ်း အထွက်တိုးအောင် စိုက်ကြစို့၊ လက်ဖက်အတွက် ကိုင်းဖြတ်ပြုပြင်ပါ၊ ရွှေစိမ်းမြေမှ ငွေရှင်ချည်မျှင်(၆)၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းစို့ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ဝင်ငွေတိုးဖို့ တိုင်းရင်းကြက်မွေးမြူကြစို့၊ ရေချို ရေငန်စပ်မှာ ကကတစ်ငါးမွေးမြူပါ စသည့် မွေးမြူရေးဆောင်းပါးနှင့် အငြင်းပွားပွား ဤဆေးနှစ်ပါးတဲ့လား၊ ဒေါင်းငါးနှင့် ငှက်ဖျား၊ ဖရဲသီးအသုံးဝင်ပုံ၊ ချဉ်စော်ကားသီးနှင့် ကျန်းမာရေး၊ ဝက်သက်ရောဂါကာကွယ်ပါ စသည့် ကျန်းမာရေးဆောင်းပါးများ၊ ချင်းတောင်တန်းပေါ်က နှစ်သစ်ကူးရိုးရာ ခွာဒိုပွဲ၊ မြန်မာ့ဓလေ့ထမနဲပွဲ၊ ချစ်စရာ့မြန်မာပြည်၊ နန်းမြင့်ကျေးရွာမှ လက်ရက်ကန်းလုပ်ငန်း စသည့် အသိပညာပေးဆောင်းပါးများ၊ လုပ်ရတော့ညာလက် ရွှေဝတ်ရတော့ဘယ်လက်(ဇာတ်သိမ်းပိုင်း)စသည့် ဝတ္ထုတိုများအပြင် ပုံပြင်၊ ဟာသ၊ကဗျာ၊ ကာတွန်း၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတရသ စုံလင်စွာဖြင့် ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ငွေကျပ်၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်တွင် စာမူနှင့် ကြော်ငြာများကို အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀နှင့် ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မလေးရှားပါလီမန်ဖျက်သိမ်း၍ ရွေးကောက်ပွဲကျင်းပရန် လမ်းပွင့်

မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်အာမက်ဘာဒါဝီ။
(အင်တာနက်ဓာတ်ပုံ)

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၄

မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်အာမက်ဘာဒါဝီက ပါလီမန်ကို သက်တမ်းမပြည့်မီတစ်နှစ်ကျော်အလိုတွင် ဖျက်သိမ်းလိုက်ရာ ရွေးကောက်ပွဲကျင်းပရန် လမ်းပွင့်သွားပြီ ဖြစ်သည်။

မည်သည့်အတွက်ကြောင့် ပါလီမန်ဖျက်သိမ်းရန် ဆုံးဖြတ်ရခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ် ဘာဒါဝီက အကြောင်းမပြပေ။

မျှော်လင့်

ပါလီမန်ဖျက်သိမ်းပြီးနောက် ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲ ကျင်းပပေးရသည်။ ရွေးကောက်ပွဲကို မတ်လဆန်းတွင် ကျင်းပမည်ဟု ဝေဖန်ဆန်းစစ်သူ အများအပြားက မျှော်လင့်သည်။

အတိုက်အခံခေါင်းဆောင် အန်ဝါအီဘရာဟင်မှာ ဧပြီလတွင် ယှဉ်ပြိုင်အရွေးခံခွင့် ပိတ်ပင်ခံထားရသူဖြစ်သည်။ ရွေးကောက်ပွဲ ကျင်းပမည့်ရက် သတ်မှတ်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်သည် မကြာမီ စည်းဝေးညှိနှိုင်းကြမည်ဟု မျှော်လင့်ရသည်။

အနိုင်ရရှိ

အမျိုးသားတပ်ဦး ညွန့်ပေါင်းအစိုးရနှင့် ယူအမ်အင်အို မလေးပါတီတို့ ရွေးကောက်ပွဲ၌ အနိုင်ရကြမည်ဟု မျှော်လင့်သူတို့သည် ပြီးခဲ့သည့်ရွေးကောက်ပွဲ ၁၁ ကြိမ်စလုံး အနိုင်ရရှိခဲ့ကြသည်။ **(အင်တာနက်)**


တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ အသစ်ဆောက်လုပ်ထားသော မတ်လနှောင်းပိုင်းတွင် ဖွင့်လှစ်မည့် ပူဒွန်နိုင်ငံ တကာ လေဆိပ်။
(အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယား ခရီးသွားဧည့်သည်များ ထိုင်းနိုင်ငံက ပိုမိုလာရောက်ရန် မျှော်မှန်း

ဗန်ကောက် ဖေဖော်ဝါရီ ၁၄

တောင်ကိုရီးယားမှ ခရီးသွားဧည့်သည်အများအပြား ထိုင်းသို့လာရောက်မည်ဟု မျှော်လင့်ကြောင်း ထိုင်းခရီးသွားလုပ်ငန်းသုတေသနဌာနမှ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံသည် ထိုင်းနိုင်ငံသို့ လာရောက်သော ခရီးသွားများ အများဆုံးလာရောက်သည့် နိုင်ငံများတွင် တစ်နိုင်ငံ ပါဝင်ကြောင်း၊ တောင်ကိုရီးယား ခရီးသွားဧည့်သည်များသည် အာရှနိုင်ငံများသို့ လာရောက် လည်ပတ်မှုကို နှစ်သက်ကြကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြသည်။

ထိုင်းနိုင်ငံသည် တရုတ်နှင့်ဂျပန်နိုင်ငံတို့မှ ခရီးသွားဧည့်သည်များ အများဆုံး လာရောက်ရာတွင် တောင်ကိုရီးယား ခရီးသွားဧည့်သည်များမှာ တတိယအများဆုံးရောက်သည့် နိုင်ငံဖြစ်သည်။

ပို၍တိုးလာ

ထိုင်းနိုင်ငံသို့ တောင်ကိုရီးယား ခရီးသွားများ လာရောက်မှုသည် ပြီးခဲ့သည့်နှစ်က ခရီးသွားဧည့်သည်ပေါင်း ၁ ဒသမ ၂၆ သန်းရှိရာမှ ယခုနှစ်တွင် ပို၍ တိုးလာမည်ဟု မျှော်လင့်ရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သီရိလင်္ကာ၌ တိုက်ပွဲဖြစ်ပွား သူပုန် ၄၇ဦးသေဆုံး

ကိုလံဘို ဖေဖော်ဝါရီ ၁၄

သီရိလင်္ကာ အစိုးရတပ်ဖွဲ့ဝင်များသည် နိုင်ငံ၏ မြောက်ပိုင်းတွင် ဖြစ်ပွားသည့် တိုက်ပွဲများတွင် တမီးလ်ကျားသူပုန် ၄၇ဦးကို ချေမှုန်းနိုင်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ဖေဖော်ဝါရီ ၁၂ရက်တွင် ပြောကြားသည်။

ပြောကြား

ယင်းနိုင်ငံ၏ မြောက်ပိုင်း ဂျက်ဖ်နာကျွန်းဆွယ်၊ ဗာဗူနီယာ၊ ပိုလန်နာရူဝါ၊ မန်နာခရိုင်များတွင် ဖေဖော်ဝါရီ ၁၁ရက်က ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် တပ်ဖွဲ့ဝင် ၁၀ဦး သေဆုံးပြီး ၃၀ဒဏ်ရာရခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ဒဏ်ရာရ

ယင်းနေ့က ရင်ဆိုင်တိုက်ပွဲဖြစ်ပွားမှုကြောင့် သူပုန် ၁၈ဦးသေဆုံးပြီး ၂၈ဦး ဒဏ်ရာရခဲ့ကြောင်း ယင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အရှိန်မြင့်လာ

လွန်ခဲ့သည့်လက ခြောက်နှစ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့ကြပြီးသော်လည်း အစိုးရနှင့် တမီးလ်ကျား သူပုန်တို့အကြား တိုက်ခိုက်မှုများ ပိုမိုအရှိန်မြင့်လာခဲ့သည်။

ထိုးစစ်ဆင်

ယခုအခါ တမီးလ်ကျားသူပုန်တို့ ခိုအောင်းနေသော နိုင်ငံ၏မြောက်ပိုင်းဒေသများတွင် အစိုးရတပ်ဖွဲ့များက ထိုးစစ်ဆင်လျက်ရှိပြီး စစ်ရေးအရ ယင်းဒေသကို ပြန်လည်သိမ်းပိုက်မည်ဟု အစိုးရက ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ပါကစ္စတန် ရွေးကောက်ပွဲလုံခြုံရေးဆောင်ရွက်ရန် တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာ ဖြန့်ချထား

ကာရာချိ ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ၁၈ရက်၌ ကျင်းပမည့် ပါကစ္စတန် ရွေးကောက်ပွဲအတွက် လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ရန် လုံခြုံရေးတပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို ဖြန့်ချထားလျက်ရှိကြောင်း ပါကစ္စတန်အရာရှိများက ဖေဖော်ဝါရီ ၁၄ရက်၌ ပြောကြားသည်။

မြို့ပြ အရာရှိများကလည်း ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေး တိုးမြှင့်ချထားပေးရန် တောင်းဆိုခဲ့သည့်အပြင် လုံခြုံရေးအရလည်း ပါကစ္စတန် တပ်ဖွဲ့ဝင်များကို နေရာအနှံ့အပြား ဖြန့်ချထားရသည်။

ပြောကြား

အထူးသဖြင့် ပါကစ္စတန်နိုင်ငံ ဖရွန်တီးယာပြည်နယ် ဆင်းဂ်ပြည်နယ် တောင်ပိုင်းဒေသများတွင် ပါကစ္စတန်တပ်ဖွဲ့ဝင်များ ပိုမိုဖြန့်ချထားလျက်ရှိသည်။ ပါကစ္စတန်နိုင်ငံတွင် ရွေးကောက်ပွဲများကို ဖေဖော်ဝါရီ ၁၈ရက်တွင် ကျင်းပရန် အစက အခဲကြားမှ ကြိုးစားအကောင်အထည်ဖော်ရခြင်းဖြစ်သည်ဟု ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ဖြန့်ချ

ဆင်းဂ်ပြည်နယ်သည် ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ)၏ အမာခံပြည်နယ်တစ်ခုဖြစ်ပြီး ဘာနာဇီယာဘူတိုကို အပြည့်အဝထောက်ခံသည့် ဒေသတစ်ခုလည်း ဖြစ်သည်။ ယခုအခါ ပါကစ္စတန်နိုင်ငံတစ်ဝန်း ပါကစ္စတန် စစ်ဘက်မှ တပ်ရင်း ၂၆ ရင်းကို ဖြန့်ချထားပြီး ဖြစ်သည်။ ထို့အတူ ရဲတပ်ဖွဲ့ဝင် ၅၀၀၀၀ ကိုလည်း လုံခြုံရေးအတွက် စေလွှတ်မည် ဖြစ်သည်။

(အင်တာနက်)

ဗီယက်နမ်တောင်ပိုင်း၌ ဘဲများ ရှုတ်တရက်သေဆုံး

ဟန္နွိုင်း ဖေဖော်ဝါရီ ၁၄

ဗီယက်နမ်နိုင်ငံတောင်ပိုင်း လောင်အန်ပြည်နယ်၌ ဖေဖော်ဝါရီ ၉ရက်မှ ၁၁ရက်အထိ ဘဲခြံတစ်ခြံမှ ဘဲအကောင်ရေ ၁၀၀၀နီးပါး သေဆုံးခဲ့ကြောင်း ဒေသထုတ်သတင်းစာ ဆေးဂုံလစ်ဘရေးရှင်းက ဖေဖော်ဝါရီ ၁၂ရက်တွင် ရေးသား ဖော်ပြသည်။

ဖော်ပြ

အဆိုပါ ဘဲများသေဆုံးမှုမှာ ကန်တုခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဘဲများကို ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ဆေး သုံးကြိမ်တိုင် ထိုးပေးခဲ့ကြောင်း၊ သို့သော်လည်း ဘဲများသည် ဥများဥချနေစဉ်အတွင်း ရုတ်တရက် သေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တိုက်တွန်း

ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း မြို့ကြီးများနှင့် ပြည်နယ်များအားလုံး ကြက်၊ဘဲမွေးမြူရေးခြံများသို့ အနီးကပ်စောင့်ကြည့်လေ့လာရန်၊ နယ်စပ်ဖြတ်ကျော် ကြက်၊ဘဲ အသားနှင့်ဥများ တင်ပို့ရောင်းချမှုကို စနစ်တကျစစ်ဆေး ကြပ်မတ်ပေးရန် တိုက်တွန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟစ်ဇ်ဘိုလာခေါင်းဆောင်တစ်ဦး ဆီးရီးယား၌ ဗုံးပေါက်ကွဲ၍ သေဆုံး

ဒမတ်စကတ် ဖေဖော်ဝါရီ ၁၄

ဟစ်ဇ်ဘိုလာ ပြောက်ကျားအဖွဲ့မှ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သည့် အီမတ်မွတ်နီရပ်သည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ် ဗုံးပေါက်ကွဲမှုတွင် သေဆုံးခဲ့ကြောင်း ဟစ်ဇ်ဘိုလာတို့က ပြောကြားသည်။

ဟစ်ဇ်ဘိုလာ ထိပ်တန်းခေါင်းဆောင် အီမတ်မွတ်နီရပ်။
(အင်တာနက်ဓာတ်ပုံ)

မွတ်နီရပ်သည် ၁၉၈၀ပြည့်နှစ်လွန်များက လက်ဘနွန်အနောက်ပိုင်း၌ ပြန်ပေးဆွဲမှု အများဆုံး ပြုလုပ်ခဲ့သူဟု ယုံကြည်ထားသည်။ နှစ်ပေါင်းများစွာ ပုန်းရှောင်နေသော မွတ်နီရပ်အား အစ္စရေးနှင့် အမေရိကန်တို့က အလိုရှိနေသူဖြစ်ကြောင်း သတင်းထောက်များက ပြောကြားသည်။

ကြိုဆို

အစ္စရေးနိုင်ငံက ၎င်းသေမသေ ဆိုသည့် ကိစ္စကို အတည်မပြုနိုင်သော်လည်း ထိုသတင်းကို ကြိုဆိုလိုက်သည်။ မွတ်နီရပ်သည် ဟစ်ဇ်ဘိုလာထောက်လှမ်းရေး အရာရှိတစ်ဦးဖြစ်သည်ဟု ဆိုသည်။

စာရင်းသွင်း

အဆိုပါ ဟစ်ဇ်ဘိုလာခေါင်းဆောင်သည် ၁၉၆၂ခုနှစ်က လက်ဘနွန်တောင်ပိုင်း၌ မွေးဖွားခဲ့သူဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်လွန်များက ဗျူနိုစ်အေရီ လေကြောင်းဗုံးခွဲမှုတွင် ပါဝင်သူဟု စွပ်စွဲခံရသူဖြစ်သည်။ ထိုသို့စွပ်စွဲခံရပြီးနောက် အက်ဖ်ဘီအိုင်က အလိုရှိဆုံးဟု စာရင်းသွင်းခြင်းခံရသူ ဖြစ်သည်။

၎င်းအား အစ္စရေးတို့က ၁၉၉၂ခုနှစ်တွင် အာဂျင်တီးနားနိုင်ငံရှိ အစ္စရေးသံရုံး ဗုံးခွဲတိုက်ခိုက်မှုကို စီစဉ်ခဲ့သူအဖြစ် ယုံကြည်ထားသည်။

(အင်တာနက်)

ဘဝအမောပြေ
မိန်းမလှအကြောင်း

အိမ်ထောင်သက် ငါးနှစ်ရှိပြီဖြစ်သော်လည်း ချောမောလှပဆဲ မိမိ၏ မိန်းမအလှနှင့်ပတ်သက်၍ အမြဲတမ်းကြွားဝါပြောဆိုလေ့ရှိသူထံသို့တစ်နေ့၌ လူငယ်တစ်ဦး ရောက်ရှိလာလေသည်။

အိမ်ရှင်။ ။ ဘာကိစ္စများရှိပါသလဲ ခင်ဗျာ။
လူငယ်။ ။ မစ္စဝင်းဒီနဲ့ တွေ့ချင်လို့ပါ။
အိမ်ရှင်။ ။ အလှပြင်ဆိုင်သွားပါတယ်။ ကျွန်တော့် အမျိုးသမီးက အရမ်းလှတော့ အမြဲတမ်း အလှပြင်ဆိုင်သွားလေ့ရှိတယ်။ ကျွန်တော်ကလည်း ကျွန်တော့်မိန်းမကို အမြဲလှစေချင်တာဆိုတော့ ခွင့်ပြုထားတယ်။ သူ့ခင်ပွန်းဖြစ်ရတာ ဂုဏ်ယူစရာပါပဲ။
လူငယ်။ ။ ဟုတ်ကဲ့ပါ။
အိမ်ရှင်။ ။ ဒါနဲ့ မောင်ရင့်လာရင်းကိစ္စပြောပါဦး။
လူငယ်။ ။ ကျွန်တော့်ဆရာက လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က မစ္စဝင်းဒီနဲ့ ကွာရှင်းခဲ့တဲ့ စာချုပ်ပို့ခိုင်းလိုက်လို့ပါ။
အိမ်ရှင်။ ။ "ဗျာ"

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပခဲ့သော လူနာနှစ်ကူးပွဲတော်၌ ထူးထူးခြားခြား ပါဝင်ဆင်နွှဲနေသူ တစ်ဦးကို ဤသို့ တွေ့ရသည်။

(အင်တာနက် ဓာတ်ပုံ)

နျူကလီးယားထိပ်ဖူးတပ် တာတိုပစ် ဒုံးကျည်

ပါကစ္စတန်နိုင်ငံက နျူကလီးယား ထိပ်ဖူးတပ်ထားသော တာတိုပစ် ဒုံးကျည်တစ်စင်းကို ဖေဖော်ဝါရီ ၁၃ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်သည့် မြင်ကွင်း...။

(အင်တာနက် ဓာတ်ပုံ)

ပြည်နယ်သုံးခုတွင် အိုဘားမားအနိုင်ရ ရီပတ်ဘလီကင်ပါတီမှ မက်ကိန်း အသာရနေ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

အမေရိကန်အကြို ရွေးကောက်ပွဲများကို ဖေဖော်ဝါရီ ၁၂ရက် အင်္ဂါနေ့က ဗာဂျီးနီးယားပြည်နယ်၊ မေရီလင်းပြည်နယ်နှင့် ကိုလံဘီယာပြည်နယ်တို့တွင် ကျင်းပသည်။ ဒီမိုကရက်တစ်ပါတီမှ အိုဘားမားက ပြိုင်ဘက် ဟီလာရီကလင်တန်ကို ထိုသုံးဌာနစလုံး၌ အနိုင်ရလိုက်သည်။

အလားတူပင် ရီပတ်ဘလီကင်ပါတီမှ မက်ကိန်းက ထိုသုံးဌာနတွင် မိုက်ဟတ်ကာဘီးကို အနိုင်ရလိုက်သည်။

အနိုင်ရရေး

ယခုအခါ ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်သည် မတ်လ၄ရက် (အင်္ဂါနေ့)တွင် ကျင်းပမည့် သုံးပြည်နယ်အနက် အိုဟိုင်းယိုးနှင့် တက္ကဆက်ပြည်နယ်နှစ်ခုတွင် အိုဘားမားကို အနိုင်ရယူရေးအတွက် ယခုအခါ အားသွန်တာစူနေသည်။

ထောက်ခံမှု

နောက်ဆုံးရရှိသော စာရင်းများအရ အင်္ဂါနေ့ အကြိုရွေးကောက်ပွဲများတွင် ကိုလံဘီယာ ပြည်နယ်၌ အိုဘားမားက ၇၅ရာခိုင်နှုန်း၊ ဟီလာရီက ၂၄ ရာခိုင်နှုန်း၊ မေရီလင်းပြည်နယ်၌ အိုဘားမား က ၆၀ ရာခိုင်နှုန်း၊ ဟီလာရီက ၃၇ ရာခိုင်နှုန်း ဗာဂျီးနီးယားပြည်နယ်၌ အိုဘားမားက ၆၄ ရာခိုင်နှုန်း၊ ဟီလာရီ က ၃၆ရာခိုင်နှုန်း ထောက်ခံမှုရရှိသည်။

ရီပတ်ဘလီကင်

ထိုနေ့က ထိုနေရာများ၌ ရီပတ်ဘလီကင်ပါတီမှ ယှဉ်ပြိုင်သူများအနက် ကိုလံဘီယာပြည်နယ်၌ မက်ကိန်းက ၆၈ ရာခိုင်နှုန်း၊ ဟတ်ကာဘီးက ၁၇ ရာခိုင်နှုန်း၊ မေရီလင်းပြည်နယ်၌ မက်ကိန်းက ၅၄ ရာခိုင်နှုန်း၊ ဟတ်ကာဘီးက ၃၀ ရာခိုင်နှုန်း၊ ဗာဂျီးနီးယားပြည်နယ်၌ မက်ကိန်းက ၅၀ရာခိုင်နှုန်း၊ ဟတ်ကာဘီးက ၄၁ ရာခိုင်နှုန်း အသီးသီး ထောက်ခံမဲရရှိကြသည်။

အလှမ်းကွာ

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်ရော အိုဘားမားပါ ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြု၍ အမေရိကန်သမ္မတ ရွေးကောက်ပွဲ ဝင်ခွင့်ရရန် ပါတီညီလာခံကိုယ်စားလှယ် ၂၀၂၅ဦး ရရှိရေးမှာ အလှမ်းကွာဝေးလျက်ရှိသည်။

(အင်တာနက်)

ဗီယက်နမ်၌ ယာယီအလုပ်လုပ်ကိုင်ခွင့် ပြည်ပနိုင်ငံသား တစ်သောင်းခွင့်ပြုမည်

ဟန္နိုင်း ဖေဖော်ဝါရီ ၁၄

ဗီယက်နမ်နိုင်ငံ၌ လာမည့်ကာလ အနည်းငယ်အတွင်း သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် ပြည်ပနိုင်ငံခြားသား တစ်သောင်းခန့်အား တရားဝင် ယာယီ အလုပ်အကိုင် ရရှိမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ၁၃ရက်တွင် ဒေသဆိုင်ရာ ဟန္နိုင်းသတင်းစာ၌ ဖော်ပြသည်။

တရားဝင်လုပ်ကိုင်ခွင့်

အဆိုပါ စီမံကိန်းအရ ၎င်းပြည်ပနိုင်ငံသား တစ်သောင်းခန့်အား ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ ဟန္နိုင်းမြို့နှင့် ဟိုချီမင်းမြို့တို့၌ တရားဝင်အလုပ်လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသား အစည်းအဝေး၌ သဘောတူ ဆွေးနွေးခဲ့သည်။

စီးပွားရေးလုပ်ငန်း

၎င်းနိုင်ငံတစ်ဝန်းလုံးရှိ ယခုနိုင်ငံခြားသားများ အလုပ်လုပ်ကိုင် နေထိုင်သူ ၈၄၀၀၀ခန့်ရှိရာမှ သံတမန်ရေးရာဝန်ထမ်း ၁၆၀၀၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄၀၀၀ခန့်နှင့် ကျန်ရှိသူများမှာ အခြားသော နယ်ပယ်ကဏ္ဍအသီးသီး၌ လုပ်ကိုင်လျက်ရှိသူများဖြစ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

(အင်တာနက်)

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

အမျက်ဒေါသ ဟူသည် ...

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့တွင် ဖေဖော်ဝါရီ ၁၃ရက် ညသန်းခေါင်ချိန်က အသက် ၂၀အရွယ်ခန့်ရှိ လူငယ်နှစ်ဦးကို တိုက်ခဲ့မှုကြောင့် ယာဉ်မောင်းသူ တစ်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ရဲအရာရှိများက ပြောကြားသည်။

ယာဉ်မောင်းကို စစ်ဆေးမှုအရ ညသန်းခေါင်ချိန်က မော်တော်ကားလမ်းမပေါ်၌ အရက်မူးပြီး လမ်းလျှောက်နေသော အဆိုပါလူငယ်နှစ်ဦးအား လမ်းဖယ်ရန် ဟွန်းတီးသတိပေးခဲ့သော်လည်း လမ်းမဖယ်ပေးသဖြင့် ဒေါသထွက်ကာ မော်တော်ယာဉ်ဖြင့် ဝင်တိုက်မိခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ ကားဖြင့်အတိုက်ခံရသော လူငယ်နှစ်ဦးအနက် တစ်ဦးမှာ ပွဲချင်းပြီးသေဆုံး၍ တစ်ဦးမှာ ဆေးရုံ၌ ဆေးကုသမှု ခံယူနေရသည်။

ထို့ကြောင့် အရက်မူးပြီး ကားလမ်းပေါ် လမ်းမလျှောက်သင့်သလို မထွက်သင့်သော ဒေါသအမျက်ထွက်မိခဲ့သည့် ယာဉ်မောင်းသမားတို့၏ အဖြစ်မှာ သင်ခန်းစာယူစရာ ...

မောင်မောင်မြင့်ဆွေ

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ကံကြမ္မာလေလား ဝဋ်လေလား

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်



ကာရီမြို့ကလေးသည် အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်မှ မြို့ကလေးတစ်မြို့ ဖြစ်သည်။ လူဦးရေ တစ်သိန်းကျော်မျှသာရှိပြီး အေးချမ်းဆိတ်ငြိမ်သော မြို့ကလေး ဖြစ်သည်။

တက်ညီလက်ညီ

ထိုကာရီမြို့ကလေးတွင် ယခုအခါ အသက် ၆၀ အရွယ်ရှိနေပြီဖြစ်သော ဟာရစ်ချ်ပူရူရှော့တမ်ဒက်စ်ပါတဲလ် **(အပေါ်ပုံ)** ဆိုသူနေထိုင်လေသည်။ သူသည် လွန်ခဲ့သော ၁၂နှစ်ဖြစ်သည့် ၁၉၉၆ခုနှစ်က သူ့ထက် နှစ်နှစ်ငယ်သော ဇန်လာတာ **(ယာအပေါ်ပုံ)** ဆိုသူ အမျိုးသမီး တစ်ဦးနှင့် အကြောင်းပါခဲ့ကြသည်။ ထိုအချိန်က သူ့အသက် ၄၈နှစ်အရွယ်ရှိပြီး အမျိုးသမီးက ၄၆ နှစ်အရွယ်ဖြစ်သည်။ သူတို့နှစ်ဦးစလုံး အိမ်ထောင်ပျက်များဖြစ်ကြပြီး သားကြီးသမီးကြီးများကိုယ်စီရှိကြသည်။ သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်စုံမက်ကြပြီး သာယာစိုပြည်သော အိမ်ထောင်ရေးကို ထူထောင်နိုင်ခဲ့ကြသည်။ စီးပွားရေးတွင်လည်း တက်ညီလက်ညီ ကြိုးစားခဲ့ကြသောကြောင့် ငွေရေးကြေးရေး အတော်အသင့် စုဆောင်းမိခဲ့ကြသည်။

ကြမ္မာလေပြင်းမုန်တိုင်း

သူတို့နှစ်ဦး၏ အိမ်ထောင်ရေးသည် ၁၀ နှစ်ကျော် ကာလအထိ အေးချမ်းသာယာခဲ့သည်။ သူတို့ဇနီးမောင်နှံ၏ အတွဲညီညီ ကြိုးစားမှုကြောင့် ဆွစ်ဇာလန်ဘဏ်တွင် ဒေါ်လာ ၄၀၀၀၀၀မျှ စုမိခဲ့ကြသည်။ လုပ်ငန်းဖြောင့်ဖြူးခဲ့မှုကြောင့် သူတို့၏ စီးပွားရေးမှာ တစ်နေ့တခြား ဒီရေအလား တိုးတက်လာသကဲ့သို့ အိမ်ထောင်ရေးဘဝမှာလည်း သာယာချမ်းမြေ့ခဲ့သည်။ သို့သော်လည်း ဘဝခရီးသည် အမြဲတမ်း သာယာဖြောင့်ဖြူးသည် မဟုတ်သောကြောင့် သူတို့ဇနီးမောင်နှံ၏ သာယာစိုပြည်သော ဘဝကလေးကိုလည်း ကြမ္မာလေပြင်းမုန်တိုင်းက အလွတ်မပေးခဲ့ပါချေ။

အလျှော့ပေးလိုက်ရ

ထိုသို့ ကံကြမ္မာ၏ ဝင်ရောက်နှောင့်ယှက်မှုကြောင့်ပင် ၂၀၀၇ခု နှစ်စတွင် ဟာရစ်ပါတဲလ်နှင့် ဇန်လာတာပါတဲလ်တို့ဇနီးမောင်နှံကြားတွင်လည်း ဒေါ်လာ ၄၀၀၀၀၀ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး အိမ်ထောင်ရေး အကြောင်း ထင်ကာ အဆင်မပြေမှုများ ဖြစ်ပေါ်လာခဲ့သည်။ ထိုအဆင်မပြေမှုများကြောင့်ပင် ၂၀၀၇ခုနှစ် စက်တင်ဘာလတွင် တရားဝင် ကွာရှင်းကာ ဟာရစ်ပါတဲလ်က ကာရီမြို့တွင်ပင် ဆက်လက်နေထိုင်ပြီး ဇနီးသည် ဇန်လာတာပါတဲလ်က သားဖြစ်သူရှိရာ ကနေဒါနိုင်ငံ အယ်လ်ဘာတာတွင် သွားရောက်နေထိုင်လေသည်။ ထိုသို့ အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ခဲ့ကြရသော်လည်း ခင်ပွန်းသည် ဟာရစ်ပါတဲလ်သည် ဇနီးသည်အပေါ် ချစ်စိတ်မကုန်ခဲ့ပေ။ ဇနီးသည်၏ မာနကြီးမှု၊ ဇွတ်တရွတ်နိုင်မှုကြောင့်သာ သူ့အနေဖြင့် အလျှော့ပေးလိုက်ရခြင်းဖြစ်သည်။

တစ်ပူပေါ် နှစ်ပူဆင့်

ထိုအတွက် သူ၏ရင်တွင် ပြင်းထန်စွာ ခံစားရသည်။ ထိုသို့သော ဝေဒနာကို သုံးလမျှ ခံစားခဲ့ရပြီး အနည်ထိုင်ရုံသာ ရှိသေးသည့်အချိန်တွင် ဟာရစ်ပါတဲလ်အနေဖြင့် မြွေပူရာ ကင်းမှောက်ဆိုသကဲ့သို့ တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်ရပ်မျိုးနှင့် ကြုံခဲ့ရလေသည်။

မျှော်လင့်ချက်ကုန်ဆုံး

အကြောင်းမှာ သူနှင့် အကြောင်းမလှခဲ့၍ ဝေးခဲ့ရသော ဇနီးသည် ဇန်လာတာမှာ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ကာရီမြို့ရှိ ၎င်း၏ ဆွေမျိုးများထံလာလည်ရင်း ကနေဒါသို့အပြန် ဗာဂျီးနီးယားပြည်နယ် အဝေးပြေးလမ်းမကြီးဘေး တစ်နေရာတွင် ဂွမ်းကပ်ဖြင့် ပတ်လျက်မီးလောင်သေဆုံးနေသည်ကို တွေ့ခဲ့ရသည်။ ထို့အတွက် သူ့အနေဖြင့် ယူကျုံးမရ ဝမ်းနည်းကြေကွဲခဲ့ရသည်။ ထို့ကြောင့် ဟားရစ်ချ်အနေဖြင့် ဇနီးသည်အား ပြန်ပေါင်းနိုင်ရန် မျှော်လင့်ချက် ကုန်ဆုံးသွားခဲ့ရသည်။

ချစ်နေဆဲ

ဟားရစ်ချ်ပါတဲလ်သည် ဇနီးသည်အတွက် ပူဆွေးသောကရောက်နေချိန်တွင်ပင် ဇနီးသည် သေဆုံးမှုနှင့် ပတ်သက်ပြီး ဖေဖော်ဝါရီ ၁၁ရက်တွင် ရဲအဖွဲ့၏ ဖမ်းဆီးတရားစွဲဆိုခြင်းကို ခံခဲ့ရပြန်သည်။ ထိုအခါကျမှ ဇနီးသည်သည် ဇန်နဝါရီ ၁၆ ရက်တွင် ပျောက်ဆုံးခဲ့ပြီး ၂၂ရက်တွင်မှ အလောင်းကိုတွေ့ခဲ့ရကြောင်း သူသိလိုက်ရသည်။ သူ့အနေဖြင့် ဇနီးသည်အပေါ်ချစ်နေဆဲဖြစ်ကြောင်းနှင့် ၎င်းသေဆုံးမှုကြောင့် စိတ်ထိခိုက်ခံစားနေရဆဲ ဖြစ်ကြောင်း တရားရုံးတွင် ထွက်ဆိုရုံကလွဲ၍ ဘာမျှမတတ်နိုင်ခဲ့ပေ။ ဟာရစ်ပါတဲလ်အနေဖြင့် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားလျှင် သေဒဏ်သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ကို လျှော့ရက်မရှိကျခံရမည်ဖြစ်သည်။

အဆင်မပြေသဖြင့် ကွဲကွာနေ

ဤဖြစ်ရပ်တွင် ဟာရစ်ပါတဲလ်အနေဖြင့် ဇနီးသည် ဇန်တာလာနှင့် အဆင်မပြေသဖြင့် ကွဲကွာနေချိန်၌ ဇနီးသည်အသတ်ခံရခြင်းသည် မပြေးသော်လည်း ကန်ရာရှိဆိုသကဲ့သို့ ဖြစ်တတ်သောသဘာဝတရားကို လူတိုင်းသတိမူသင့်ကြောင်း ဟာရစ်ပါတဲလ်၏ ကံကြမ္မာလေလား၊ ဝဋ်လေလားဟု ဆိုရမည့် အဖြစ်က မှုခင်းဖြစ်ရပ်ကို ဖော်ပြလိုက်ရပါသည်။ ။

ဘဝခရီးသည် အမြဲတမ်းသာယာ ဖြောင့်ဖြူးသည် မဟုတ်သောကြောင့် သူတို့ဇနီးမောင်နှံ၏ သာယာစိုပြည်သော ဘဝကလေးကိုလည်း ကြမ္မာ လေပြင်း မုန်တိုင်းက အလွတ်မပေးခဲ့။

နိုင်ငံရေးအကျပ်အတည်း ကြားဝင်ဆွေးနွေးမှု ကိုဖီအန်နန်အား ကင်ညာအစိုးရ ပြစ်တင်ပြောဆို

နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၄

ကင်ညာနိုင်ငံရွေးကောက်ပွဲ အငြင်းပွားမှု ဖြေရှင်းရေး နိုင်ငံတကာကြားဝင် ဖျန်ဖြေပေးသူ ကိုဖီအန်နန်အား ကင်ညာအစိုးရက ဒေါသထွက်နေသည်။



မစ္စတာ ကိုဖီအန်နန်

ကင်ညာအစိုးရနှင့် အတိုက်အခံ ခေါင်းဆောင်တို့သည် နှစ်နှစ်သက်တမ်း အသွင်ကူးပြောင်းရေး အစိုးရကိုဖွဲ့စည်းပြီး ရွေးကောက်ပွဲကျင်းပသင့်ကြောင်း ကိုဖီအန်နန်က အရိပ်အမြွက်ပြောကြားခဲ့သည်ဟု ဆိုသည်။

သို့သော်လည်း ထိုကိစ္စကို မည်သည့်နည်းနှင့်မျှ သဘောတူလက် မခံနိုင်ကြောင်း တရားရေးဝန်ကြီး မာသာကာရက ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအန်နန်သည် အစိုးရနှင့် အတိုက်အခံတို့အကြား ညှိနှိုင်းဆွေးနွေးရာတွင် အစိုးရကို အခြေအနေယုတ်လျော့အောင် ဆောင်ရွက်နေကြောင်း တရားရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

စဉ်းစားသင့်

ရွေးကောက်ပွဲရလဒ် အငြင်းပွားမှုကြောင့် အကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့ရာတွင် လူပေါင်း ၁၀၀၀ ခန့်သေဆုံးခဲ့ရမှုကို စဉ်းစားသင့်ကြောင်း ကိုဖီအန်နန်က ပြောကြားသည်။

စွန့်ခွာထွက်ပြေး

လူမျိုးစုများအကြား အကြမ်းဖက်မှု၊ အစိုးရလိုလားသူများနှင့် အတိုက်အခံတို့အကြား အကြမ်းဖက်မှုတို့ကြောင့် လူပေါင်းခြောက်သိန်းခန့် နေအိမ်များကို စွန့်ခွာ ထွက်ပြေးကြရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အာရပ်မြို့တစ်မြို့ အစ္စရေး၌တည်မည်

ဂါလီလီ ဖေဖော်ဝါရီ ၁၄

အစ္စရေးနိုင်ငံမြောက်ပိုင်းတွင် အာရပ်မြို့တစ်မြို့ တည်ဆောက်သွားလိုကြောင်း အစ္စရေးပြည်ထဲရေးဝန်ကြီး မီယာရီးထရက်က ပြောကြားလိုက်သည်။

အဆိုပါမြို့သည် အစ္စရေးနိုင်ငံရှိ အာရပ်ပြည်သူများအတွက် တည်ဆောက်ပေးမည့်ပထမဆုံးမြို့ဖြစ်သည်။ အစ္စရေးနိုင်ငံရှိ အာရပ်ပြည်သူများမှာ စုစုပေါင်းလူဦးရေ၏ ၂၀ရာခိုင်နှုန်း ရှိသည်။

တင်ပြ

ယင်းတည်ဆောက်မည့် အစီအစဉ်သည် ယခုနှစ်ကုန်ပိုင်းတွင် အစိုးရထံသို့ တင်ပြပြီး တည်ဆောက်ခွင့်ရယူမည်ဟု ဆိုသည်။

ထိုအတောအတွင်း အရှေ့ဂျေရုဆလမ်၌ နေအိမ် အလုံး၁၁၀၀ တည်ဆောက်သွားရန် အစ္စရေးအစိုးရက ကြေညာသည်။

၁၉၄၈ခုနှစ်က အစ္စရေးနိုင်ငံဖွဲ့စည်းထူထောင်ပြီးနောက် ကျန်ရှိနေသော ပါလက်စတိုင်းတို့မှ ဆင်းသက်လာရာ ယခုအခါ အာရပ်လူမျိုး အစ္စရေး၌ ၁၃သိန်း ၂သန်းရှိသည်။ **(အင်တာနက်)**

ဂါဇာကမ်းမြောင်ရှိ တစ်ခုတည်းသောလေဆိပ် အစ္စရေးတင့်ကားများ ဝင်ရောက်ဖျက်ဆီး

ဂါဇာ ဖေဖော်ဝါရီ ၁၄

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ရာဖာမြို့အတွင်းသို့ အစ္စရေးသံချပ်ကာယာဉ်များ ဖေဖော်ဝါရီ ၁၃ရက်က ဝင်ရောက်ကာ ပစ်ခတ်တိုက်ခိုက် ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း ပါလက်စတိုင်း ဒေသခံများက ပြောကြားသည်။

အစ္စရေးတင့်ကား၊ သံချပ်ကာယာဉ်ငါးစီးနှင့် မြေတူးယာဉ်နှစ်စီးတို့သည် ရာဖာမြို့အတွင်း ဝင်ရောက်ကာ ရာဖာမြို့လေဆိပ်နှင့် အဆောက်အအုံများအား ဖျက်ဆီးခဲ့ကြသည်။ ရာဖာလေဆိပ်သည် ဂါဇာကမ်းမြောင်ဒေသ၏ တစ်ခုတည်းသော လေဆိပ်လည်း ဖြစ်သည်။

စတင်အသုံးပြု

ရာဖာ လေဆိပ်ကို ၁၉၉၈ခုနှစ်မှ စတင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး ၂၀၀၁ခုနှစ်မှစတင်ကာ သုံးစွဲခြင်းမပြုဘဲ ပိတ်ထားခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပိတ်ထားခဲ့ရခြင်းမှာလည်း အစ္စရေးတို့က အဆိုပါလေဆိပ်ကို ၂၀၀၁ခုနှစ်ကပင် ဖျက်ဆီးပစ်ခဲ့၍ ဖြစ်သည်။

ဖျက်ဆီး

အစ္စရေးတို့က လေယာဉ်ပြေးလမ်းနှင့် လေကြောင်း ထိန်းချုပ်ရေးတာဝါတိုင်များအပါအဝင် အဆောက်အအုံများကိုပါ ဖျက်ဆီးပစ်ခဲ့သည်။ **(အင်တာနက်)**

၂၀၀၇ခုနှစ်အတွင်း တောင်ကိုရီးယား စိုက်ပျိုးထုတ်ကုန် တင်ပို့မှုမြင့်တက်

ဆိုးလ် ဖေဖော်ဝါရီ ၁၄

တောင်ကိုရီးယားနိုင်ငံ၏ စိုက်ပျိုးရေး ထုတ်ကုန်ကဏ္ဍအနေဖြင့် ယခင်နှစ်က ပြည်ပပို့ကုန်မှာ ၉ဒသမ၉ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ကြောင်း ယင်းပို့ကုန်များအနက် သစ်သီးနှင့် ပန်းမန်များ အများဆုံး တင်ပို့နိုင်ခဲ့သည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၂ရက်တွင် သတင်းထုတ်ပြန်သည်။

မျှော်မှန်း

ယခင်နှစ်အတွင်း သစ်သီးဝလံနှင့် ပန်းမန်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၂ဒသမ ၅၃သန်းရရှိရာ ယခုနှစ်အတွင်း ယခင်နှစ်ကထက် သန်း၈၀ ပိုမိုတင်ပို့နိုင်ရန် မျှော်မှန်းထားသည်။ လွန်ခဲ့သည့် သုံးနှစ်တာကာလကထက် စိုက်ပျိုးရေး ထွက်ကုန်တင်ပို့မှုမှ ၆ ဒသမ ၈ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

တိုးမြှင့်တင်ပို့

ပြည်ပဈေးကွက်၌ ဂျပန်နိုင်ငံသို့ တင်ပို့မှုသည် ၂၀၀၆ခုနှစ်ကထက် ၀ဒသမ၈ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အမေရိကန်၊ တရုတ်၊ ရုရှားနှင့် တရုတ်(ထိုင်ပေ)တို့သို့တိုးမြှင့်တင်ပို့နိုင်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ချဒ်နိုင်ငံမှ ထွက်ပြေးလာကြသူများ ကင်မရွန်းနယ်စပ်၌ ဒုက္ခကြုံတွေ့နေရ

ကော့ဆီရီ ဖေဖော်ဝါရီ ၁၄

မကြာသေးမီက ချဒ်နိုင်ငံ၌ အစိုးရတပ်များနှင့် သူပုန်များ တိုက်ပွဲဖြစ်ပွားခဲ့၍ ထောင်ပေါင်းများစွာသော ပြည်သူများသည် အိမ်နီးချင်း ကင်မရွန်းနိုင်ငံထဲသို့ ဒုက္ခသည်များအဖြစ် ဝင်ရောက်ခိုလှုံခဲ့ကြရသည်။

ကင်မရွန်းမြောက်ဖျားရှိ ကော့ဆီရီမြို့လေးသည် ချဒ်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်မြို့လေးဖြစ်သည်။ ယင်းမြို့လေးသည် ချဒ်ဒုက္ခသည်များနှင့် ပြည့်နေသည်ဟုဆိုသည်။ ကံကောင်းသူများအတွက် ဟိုတယ်၊ စာသင်ကျောင်းများနှင့် ဘုရားကျောင်းများ၌ အိပ်ခွင့်ရခဲ့ကြသော်လည်း အများစုမှာ သစ်ပင်များအောက်တွင် အမိုးအကာမရှိ အိပ်နေကြရသည်ဟု ဆိုသည်။ (အပေါ်ပုံ)

(အင်တာနက်)

မလေးရှားစားအုန်းဆီ ပြည်ပတင်ပို့မှုမှ ဝင်ငွေတိုးမြင့်ရရှိ

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၄

မလေးရှားနိုင်ငံမှ စားအုန်းဆီများ ပြည်ပသို့တင်ပို့မှုသည် ၂၀၀၇ခုနှစ်၌ အမေရိကန်ဒေါ်လာ ၁၁ဒသမ ၃၇ ဘီလီယံရရှိခဲ့ကြောင်း မလေးရှားအရာရှိများက ဖေဖော်ဝါရီ၁၁ရက်၌ ပြောကြားသည်။

ထိုသို့ စားအုန်းဆီများ ပြည်ပတင်ပို့မှုသည် ယခင်နှစ်များကထက် ၄၅ ဒသမ၅ရာခိုင်နှုန်းပိုမိုများပြားခဲ့ကြောင်း၊ စားအုန်းဆီမှ ဝင်ငွေတိုးတက်လာမှုမှာ ပြည်ပဈေးကွက်၌ ဈေးနှုန်းမြင့်မားခဲ့၍ ဖြစ်ကြောင်း ၎င်းတို့ကဆက်လက် ပြောကြားသည်။

ဖော်ပြ

၂၀၀၇ခုနှစ်က စားအုန်းဆီကြမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၄၃ဒသမ၄၀အထိရရှိခဲ့ကြောင်း အဆိုပါဈေးနှုန်းမှာ ၂၀၀၆ခုနှစ်စားအုန်းဆီကြမ်းတစ်တန် အမေရိကန်ဒေါ်လာ ၄၅၅ဒသမ၈၇ဒေါ်လာရှိခဲ့သည်ထက် ပိုမိုများပြားခဲ့သည်ဟု မလေးရှားနိုင်ငံ နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

မလေးရှားနှင့် အင်ဒိုနီးရှားတို့သည် ကမ္ဘာပေါ်၌ စားအုန်းဆီအများဆုံးတင်ပို့သော နိုင်ငံများဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး ချားရဟတ် စင်ကာပူ၌ ပထမဆုံးလည်ပတ်

စင်ကာပူ ဖေဖော်ဝါရီ ၁၄

ကမ္ဘာ့အကြီးဆုံး ချားရဟတ်ကြီးကို စင်ကာပူ၌ ဖေဖော်ဝါရီ ၁၁ရက်က စတင်လည်ပတ်ခဲ့သည်။ စင်ကာပူတစ်မြို့လုံး မြင်ရသည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံ ဒေသအချို့ကိုလည်း ရဟတ်ကြီးပေါ်မှ မြင်တွေ့နိုင်သည်ဟု ဆိုသည်။ **(ယာပုံ)**

ချားရဟတ်ကြီးသည် အမြင့်ပေပေါင်း ၅၄၁ ပေမြင့်သည်။ မတ်လတွင် အများပြည်သူများအား စီးနင်းခွင့်ပြုမည်ဟု ဆိုသည်။ ယင်းချားရဟတ်ကြီးသည် လန်ဒန်မျက်စိဟု အမည်ပေးထားသည့် ၄၈၉ပေ မြင့်သော ချားရဟတ်ကြီးထက် မြင့်သည်။ စင်ကာပူနှင့် လန်ဒန်ရှိ ချားရဟတ်ကြီးများထက်ကြီးသော ချားရဟတ်ကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ တည်ဆောက်လျက်ရှိရာ ၂၀၀၉ခုနှစ်တွင် ပြီးစီးမည်ဟု ဆိုသည်။

တရုတ်နိုင်ငံ၌ တည်ဆောက်နေသော ချားရဟတ်ကြီးသည် ပေပေါင်း ၆၈၂ပေ မြင့်မားသည်။ စင်ကာပူချားရဟတ်ကြီးကို စင်ကာပူဒေါ်လာ သန်း ၂၄၀ အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း၊ဘတ်စ်ကား ၂၈စီးအရွယ်အစားနှင့် ညီမျှကြောင်း၊ လူပေါင်း ၂၈ဦး အခန်းငယ်လေးများတွင် တစ်ဦးကျစီ လိုက်ပါစီးနင်းနိုင်ကြောင်း၊ မိနစ်၃၀ကြာ လည်ပတ်ရာတွင် စီးနင်းခမှာ စင်ကာပူ ဒေါ်လာ၃၀ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၄-၂-၂၀၀၈

အစ္စရေးတောင်ပိုင်းသို့ ပါလက်စတိုင်းတို့ ဒုံးကျည်ဖြင့် ပစ်ခတ်

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသအတွင်း ဝင်ရောက်တိုက်ခိုက်မှုများ ပြုလုပ်နေပါက မိမိတို့ကလည်း အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်မှုများ ဆက်လက်ပြုလုပ်မည်ဟု ဂျီဟတ်လက်နက်ကိုင်အဖွဲ့က ပြောကြားသည်။

အစ္စရေးတို့က ဂါဇာမြို့ကို ညအချိန် လေကြောင်းမှတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် ဂျီဟတ်လက်နက်ကိုင်များက အစ္စရေးနိုင်ငံတောင်ပိုင်း အက်ကီလွန်မြို့သို့ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ငါးဖမ်းစက်လှေများ အရေအတွက် ဗီယက်နမ်၌ လျှော့ချမည်

ဗီယက်နမ်နိုင်ငံက ပင်လယ်ထွက်ကုန်များကို ထိန်းချုပ်သည့်အနေဖြင့် နိုင်ငံ၏ ပင်လယ်ရေပြင်ပိုင်နက်အတွင်း ခွင့်ပေးထားသော ငါးဖမ်းစက်လှေများ၏ အရေအတွက်ကို လျှော့ချသွားမည်ဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

ဗီယက်နမ်၌ လောလောဆယ်တွင် ငါးဖမ်းစက်လှေများ ၈၆၀၀၀ ရှိနေရာမှ ၂၀၁၀ပြည့်နှစ်အရောက်၌ ငါးဖမ်းစက်လှေ ၅၀၀၀၀အထိ လျှော့ချသွားမည်ဖြစ်သည်။

ကြက်ငှက်တုပ်ကွေးကြောင့် ဗီယက်နမ်၌ တစ်ဦးသေဆုံး

ဗီယက်နမ်နိုင်ငံတွင် အသက် ၄၀အရွယ် အမျိုးသားတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသွားကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ ဟိုင်ဒုန်ပြည်နယ်မြောက်ပိုင်းမှ အဆိုပါအမျိုးသားသည် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသော ကြက်များကို ချက်ပြုတ်စားသောက်ခဲ့မှုကြောင့် ရောဂါကူးစက်ဖြစ်ပွားမှုခံရပြီး ဟန္နိုင်းဆေးရုံ၌ တင်ပို့ကုသနေစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

မသန်စွမ်းသူများ အလုပ်လုပ်ခွင့်ရရန် ကမ္ဘောဒီးယားဝန်ကြီးချုပ်တိုက်တွန်း

ပြည်တွင်း ပုဂ္ဂလိက လုပ်ငန်းများအနေဖြင့် မသန်စွမ်းသူများအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်အောင်လည်း ကြိုးစားစီမံဆောင်ရွက်သွားရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်ကတိုက်တွန်းလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ မသန်စွမ်းသူများ၏ လူမှုစီးပွားဘဝ အဆင်ပြေစေရန်အတွက် ၎င်းတို့၏အလုပ်လုပ်ကိုင်ခွင့်များနှင့် ပတ်သက်သည့် စည်းမျဉ်းများကို မကြာမီက ထုတ်ပြန်ပေးခဲ့ကြောင်း မစ္စတာဟွန်ဆင်က ဆက်လက်ပြောကြားသည်။

စည်းကမ်းဖောက်ဖျက်သည့် စွမ်းအင်ကုမ္ပဏီများ ယူကရိန်း၌ လုပ်ကိုင်ခွင့် ရပ်ဆိုင်းမည်

ယူကရိန်းနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နေသော ပြည်ပရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများအနေဖြင့် လိုအပ်သည့်စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဟု ယူကရိန်းအစိုးရက သတင်းထုတ်ပြန်သည်။

ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပါက အဆိုပါရေနံကုမ္ပဏီများ၏ လုပ်ကိုင်ခွင့်ကို ပိတ်သိမ်းမည်ဖြစ်သည်။

ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်နေ

ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေဈေးနှုန်းများ တိုးမြင့်လာလျက်ရှိကြောင်း အာရှရွှေဈေးသုတေသနပြုသူများက ပြောကြားသည်။

ဟောင်ကောင် ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၄ဒသမ ၃၄ဒေါ်လာအထိ ဈေးမြင့်လျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ပါလက်စတိုင်း ၅၆ဦးကို အစ္စရေးတို့ဖမ်းဆီး

အစ္စရေးတပ်ဖွဲ့ဝင်များက အနောက်ဘက် ကမ်းခြေဒေသအတွင်း ဝင်ရောက်ပြီး ပါလက်စတိုင်း ၅၆ဦးကို ဖမ်းဆီးသွားကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အနောက်ဘက်ကမ်းခြေရှိ ဂျီနင်မြို့အတွင်းသို့ အစ္စရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်ကာ သံသယရှိသူ ဒေသခံများအား အဓမ္မဝင်ရောက်ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်၌ ကြက်ကောင်ရေ ငါးသိန်းသုတ်သင်

ဘင်္ဂလားဒေ့ရှ်၌ နိုင်ငံတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့ဖြစ်ပွားလျက်ရှိရာ ခရိုင်ပေါင်း ၄၀ အထိ ကူးစက်ဖြစ်ပွားနေကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ခရိုင်ပေါင်း ၆၄ ခရိုင်ရှိရာ ခရိုင် ၄၀ ၌ ကြက်ငှက်တုပ်ကွေး ဖြစ်ပွားနေခြင်းဖြစ်ပြီး ကြက်မွေးမြူရေးခြံ ၂၂၈ ခြံမှ ကြက်ကောင်ရေ ၅၆၀၀၀၀ ကို သုတ်သင်ရှင်းလင်းခဲ့ရပြီးဖြစ်သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဘဝဒဿနအမြင်

■ *Cowards are cruel.*

သူရဲဘောကြောင်သူများ ရက်စက်တတ်ကြ၏။

အီစွပ်ပုံပြင်

■ *Love see no fault.*

ချစ်လျှင် အပြစ်မမြင်ကြပေ။

ဗီရ်ဂိလ်(အီတလီကဗျာဆရာ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ ဂျပန်နိုင်ငံ တာနီဂါရှိမားကျွန်းမှ ဖေဖော်ဝါရီ ၁၃ရက်က ဆက်သွယ်ရေးဂြိုဟ်တုတစ်ခုကို သယ်ဆောင်သွားသည့် ဒုံးပျံတစ်စင်း အာကာသသို့ အောင်မြင်စွာ လွှတ်တင်လိုက်သည်။

● **ဘိုလီးဗီးယားနိုင်ငံမြောက်ပိုင်း ထရီနီဒတ်မြို့၌ ဖေဖော်ဝါရီ၁၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားရာ နေအိမ်အများအပြား ရေနစ်မြုပ်ခဲ့သည်။** (အောက်ပုံ)

❒ အတ္တလန္တိတ် သမုဒ္ဒရာတွင်ရှိသော ရေခဲပြင်ကြီးသည် ကမ္ဘာကြီး ပူနွေးလာမှုကြောင့် တဖြည်းဖြည်း အရည်ပျော်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်က မူလအရွယ်အစားထက် ၄ ရာခိုင်နှုန်း သေးငယ်သွားခဲ့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

● **အယ်လ်ဂျီးရီးယား ကမ်းလွန်တွင် ဖေဖော်ဝါရီ ၁၃ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေနံတင်သင်္ဘောတစ်စင်း တိမ်းမှောက်ခဲ့သည်။**

❒ တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်၌ ဖေဖော်ဝါရီ ၁၃ ရက်က မော်တော်ယာဉ် မတော်တဆဖြစ်မှုကြောင့် ၁၀ ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရခဲ့သည်။

● **အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ မြောက်ဘက် မိုင် ၁၈၀ ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၁၃ ရက်က တောရိုင်းဆင်သုံးကောင် ဝင်ရောက်လာပြီး သောင်းကျန်းခဲ့မှုကြောင့် နေအိမ်သုံးလုံးပျက်စီးပြီး ကျေးရွာသားတစ်ဦး သေဆုံးခဲ့သည်။**

❒ တူရကီနိုင်ငံ လစ္စဘွန်းမြို့ တောင်ဘက် မိုင် ၅၀ခန့်အကွာရှိ မြို့တစ်မြို့၌ ဖေဖော်ဝါရီ ၁၃ ရက်က ရိုးရာဝလေ့ပွဲတော်တစ်ရပ်၌ ချားရဟတ်တစ်ခု ပြုတ်ထွက်ခဲ့ရာ ငါးဦးသေဆုံးပြီး လေးဦးဒဏ်ရာ ရရှိသွားသည်။

● **ဆူဒန်နိုင်ငံ အရှေ့တောင်ပိုင်း၌ ဖေဖော်ဝါရီ ၁၃ရက်က ရဟတ်ယာဉ် တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် နှစ်ဦးသေဆုံးခဲ့သည်။**

နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင်....

အမ်အမ်အေ

မလေးရှားနိုင်ငံ၏ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု သတင်းတစ်ပုဒ်ကို ဘာသာပြန်ပြပါမည်။ ခေါင်းစဉ်နှင့် ပထမစာအပိုဒ်မှာ အောက်ပါအတိုင်း ဖြစ်သည်–

Malaysia's trade expected to continue to grow

Kuala Lumpur, 13 Feb-

Malaysia's trade is expected to continue to grow, in line with the continued global economic expansion in 2008, Malaysian International Trade and Industry Minister Refidah Aziz said here on Tuesday.

ခေါင်းစဉ်ကို **"မလေးရှားကုန်သွယ်ရေး ဆက်လက်တိုးတက်ဖွယ်ရှိ"** ဟုပြန်ဆိုနိုင်ပါသည်။

ပထမစာပိုဒ်ပြန်ဆိုချက်။ ။ မလေးရှားနိုင်ငံသည် ၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတကာ စီးပွားကုန်သွယ်မှုကို ဆက်လက် တိုးချဲ့ ဆောင်ရွက်မည်ဖြစ်ရာ နိုင်ငံ၏ ကုန်သွယ်ရေးသည်လည်း တိုးတက်လာဖွယ်ရာရှိသည်ဟု နိုင်ငံတကာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ရာဖီဒါအဇစ်က အင်္ဂါနေ့က ပြောသည်။

Asia, led by China and ASEAN, is expected to continue to be the major contributor to Malaysia's export growth this year, Rafidah said when she announced Malaysia trade performance 2007

ဒုတိယစာပိုဒ်ပြန်ဆိုချက်။ ။ ၂၀၀၇ ခုနှစ်အတွင်း မလေးရှားနိုင်ငံ၏ ကုန်သွယ်ရေးဖော်ဆောင်နိုင်မှုနှင့် ပတ်သက်၍ ကြေညာရာ၌ ဝန်ကြီးက တရုတ်နိုင်ငံဦးဆောင်သည့် အာရှနိုင်ငံများနှင့် အာဆီယံနိုင်ငံများသည် မလေးရှား၏ ပြည်ပပို့ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအထောက် အကူပြုကြမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

"The projected 10.8 per cent economic growth for china will ensure its position among Malaysia's top five markets in 2008," Rafidah said. "Similarly, the ability of ASEAN to sustain a growth of 6.1 per cent this year would be a major contributory factor to Malaysia's export growth," Rafidah said.

တတိယစာပိုဒ်ပြန်ဆိုချက်။ ။ ဝန်ကြီးက ဆက်လက်၍ တရုတ်နိုင်ငံသည် ၁၀ ဒသမ ၈ ရာခိုင်နှုန်း စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ လျာထားသတ်မှတ်ထားရာ ၎င်းသည် ၂၀၀၈ ခုနှစ်အတွက် မလေးရှားနိုင်ငံ၏ အဓိကဈေးကွက်ကြီးငါးခုအနက်မှ တစ်ခုအဖြစ် အခိုင်အမာရှိမည်ဖြစ်ကြောင်းနှင့် အလားတူပင် အာဆီယံနိုင်ငံများက ယခုနှစ်အတွင်း ဖွံ့ဖြိုးမှုနှုန်း ၆ ဒသမ ၁ ရာခိုင်နှုန်းထက်မနည်း ရရှိရန် ကြိုးစား ထိန်းသိမ်းကြမည်ဖြစ်ရာ ဤအချက်သည်လည်း မလေးရှားနိုင်ငံ၏ ပို့ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် အဓိကအကြောင်းတစ်ရပ်ဖြစ်သည်ဟု ပြောဆိုသည်။

သုံးသပ်ချက်

ဤသတင်းသည် တိုပင်တိုသော်လည်း စီးပွားကုန်သွယ်ရေးနှင့် နီးနွယ်သည့် ဝေါဟာရအတော်များများ သုံးထားသည်ကို တွေ့ရပါမည်။ ဤသတင်းတစ်ပုဒ်တည်းကို အထပ်ထပ်ဖတ်ရှုလေ့လာခြင်းဖြင့် နောင်တွေ့ရမည့် စီးပွားရေးသတင်းများကို ပိုမိုနားလည်သဘောပေါက်လွယ်နိုင်ပါလိမ့်မည်။ ။

ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ

ကမ္ဘာ့အချမ်းသာဆုံးကလပ် ရီးရဲမက်ဒရစ်ဖြစ်လာ

ရေးသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၁၄

အားကစားဆိုင်ရာ စီးပွားရေးလုပ်ငန်း အုပ်စုတစ်ခုဖြစ်တဲ့ ဒီလိုတီအဖွဲ့ရဲ့ ဖေဖော်ဝါရီ ၁၃ ရက် သတင်းထုတ်ပြန်ချက်မှာ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးကလပ်စာရင်း ၂၀ကို ထုတ်ပြန်လိုက်တဲ့အခါ ရီးရဲမက်ဒရစ်ဟာ နံပါတ်တစ်နေရာမှာရှိကြောင်း ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။



ကမ္ဘာ့အချမ်းသာဆုံး ကလပ်ဖြစ်သည့် ရီးရဲမက်ဒရစ်၏ ဘာနေဗြူး ဘောလုံးကွင်း။ (အင်တာနက်ဓာတ်ပုံ)

ဒီလို အချမ်းသာဆုံးဘောလုံး ကလပ်အဖြစ် သတ်မှတ်တဲ့အခါ ဝင်ငွေအရပ်ရပ်ကို ၂၀၀၇ ခုနှစ် တစ်နှစ်လုံးမှာ ကလပ်ရဲ့ဝင်ငွေ တွေကို အခြေပြုပြီး တွက်ချက်တာ ဖြစ်သလို သေသေချာချာ စစ်တမ်းကောက်ယူပြီးမှ စာရင်းထုတ်ပြန်တာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ဝင်ငွေအကောင်းဆုံး ဖြစ်တဲ့ နာမည်ကြီးအင်္ဂလိပ်ပရီမီယာ လိဂ်ကလပ်တွေကတော့ ၂၀၀၇ ခုနှစ်မှာ ကမ္ဘာ့အချမ်းသာဆုံးဘောလုံး အသင်းနေရာကို မရရှိခဲ့ကြပါဘူး။ ဒီလိုတီအဖွဲ့ရဲ့ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံး ကလပ်တွေမှာ ဒုတိယ အချမ်းသာဆုံးကလပ်ကတော့ မန်ယူ အသင်းပဲဖြစ်ပါတယ်လို့ ဆိုပါတယ်။

ပါဝင်နေ

တတိယ အချမ်းသာဆုံးကလပ်ကတော့ ဘာစီလိုနာဖြစ်ပြီး စတုတ္ထကတော့ ချယ်လ်ဆီးအသင်းဖြစ်ပါတယ်။ ပဉ္စမနေရာမှာတော့ အာဆင်နယ် ဖြစ်တာမို့ ဘယ်လိုပဲဖြစ်ဖြစ် အင်္ဂလိပ်ပရီမီယာလိဂ်ထိပ်တန်းကလပ်တွေဟာ ကမ္ဘာ့အချမ်းသာဆုံးကလပ် ငါးသင်းထဲမှာတော့ ပါဝင်နေပါတယ်။

လက်ရှိအချိန်မှာ ကမ္ဘာ့အချမ်းသာဆုံးဖြစ်တဲ့ ရီးရဲမက်ဒရစ်ရဲ့ ၂၀၀၇ ခုနှစ်ဝင်ငွေဟာ အရင်နှစ်တွေကထက် ၂၀ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပြီး ယူရိုငွေ ၃၅၁ သန်းရရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒါက ၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီမှာရရှိတဲ့ ရီးရဲမက်ဒရစ်ရဲ့ ဝင်ငွေဖြစ်ပါတယ်။

ပရီမီယာလိဂ်လက်ရှိချန်ပီယံ မန်ယူ အသင်းကတော့ ၂၀၀၆–၂၀၀၇ ဘောလုံးရာသီမှာ အရပ်ရပ်ဝင်ငွေဟာ ယူရိုငွေ ၃၁၅ သန်း ရရှိခဲ့တာမို့ ရီးရဲမက်ဒရစ်ထက် ယူရို ၃၆ သန်း လျော့နည်းခဲ့ပြီး ဒုတိယနေရာက ရပ်တည်နေခြင်းဖြစ်ပါတယ်။

ဒါပေမယ့် မန်ယူအသင်းဟာ ၂၀၀၇–၂၀၀၈ ခုနှစ်အတွက် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ စာချုပ်တွေက ဝင်ငွေတွေနဲ့ဆိုရင် နောက်နှစ်မှာ ရီးရဲမက်ဒရစ်နေရာကို ရယူနိုင်လိမ့်မယ်လို့ ဒီလိုတီအုပ်စုရဲ့ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ဒန်ဂျုံးစ်က ပြောကြားလိုက်ပါတယ်။ မန်ယူဟာ ၂၀၀၇–၂၀၀၈ ခုနှစ်အတွက် ရုပ်သံစာချုပ်အများဆုံးချုပ်ဆိုနိုင်ခဲ့တဲ့ကလပ်အသင်းတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် မန်ယူဟာ ချန်ပီယံလိဂ်မှာ အောင်ပွဲဆင်နိုင်ခဲ့ရင် ကမ္ဘာ့စီးပွားရေးလုပ်ငန်းတွေက ရုပ်သံထုတ်လွှင့်မှုစာချုပ်အသစ်တွေ ထပ်မံချုပ်ဆိုကြဖို့ ဟန်ပြင်နေကြတာတွေလည်းရှိနေပါတယ်။

အခုထုတ်ပြန်လိုက်တဲ့ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးကလပ်အသင်း ၂၀ ထဲမှာ အင်္ဂလိပ်ပရီမီယာလိဂ်ကလပ်ခြောက်သင်း၊ ဂျာမန်ဘွန်ဒက်လီဂါက လေးသင်း၊ အီတလီစီးရီးအေက လေးသင်း၊ စပိန်လာလီဂါကလပ် သုံးသင်း၊ ပြင်သစ်ကလပ်နှစ်သင်းနဲ့ စကော့တလန်ကလပ်တစ်သင်းတို့ ပါဝင်နေပါ တယ်။

ကမ္ဘာ့အချမ်းသာဆုံးဘောလုံးကလပ်အသင်းတွေရဲ့ ဝင်ငွေတွေကို စုပေါင်းတွက်ချက်ကြည့်ရင်တော့ ၂၀၀၂–၂၀၀၃ ဘောလုံးရာသီကထက် ၁၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ငွေကြေးပိုမိုရရှိမှုဆိုရင် ယူရိုငွေ ၃ ဒသမ ၇ ဘီလီယံလောက် တိုးတက်ရရှိခဲ့ကြတယ်လို့ ဒီလိုတီအဖွဲ့ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အင်္ဂလိပ် ပရီမီယာလိဂ်၊ စပိန်လာလီဂါ၊ အီတလီ စီးရီးအေ၊ ဂျာမန်ဘွန်ဒက်လီဂါအသင်းတွေထဲမှာ ဝင်ငွေနဲ့ပတ်သက်သက်ပြီး အနာဂတ်မှာ အလားအလာအကောင်းဆုံးကတော့ ဂျာမန်ဘွန်ဒက်လီဂါအသင်းတွေဖြစ်ပြီး အရပ်ရပ်ဝင်ငွေတိုးတက်ရရှိနိုင်လိမ့်မယ်လို့လည်း အားကစားဆိုင်ရာ စီးပွားရေးလုပ်ငန်းအုပ်စုရဲ့ ညွှန်ကြားရေးမှူး အလန်စဝီဇာက သုံးသပ်ပြောကြားနေပါတယ်။

ဖော်ပြ

အင်္ဂလိပ်ပရီမီယာလိဂ်ကလပ်တွေထဲမှာတော့ အက်စတွန်ဗီလာ၊ အဲဗာတန်၊ မန်စီးတီးနဲ့ ဝက်စ်ဟမ်းအသင်းတွေဟာလည်း လာမယ့်နှစ်တွေမှာ အရပ်ရပ်ဝင်ငွေတွေတိုးမြင့်လာမယ့် အနေအထားရှိတယ်လို့လည်း အလန်စဝီဇာရဲ့ သုံးသပ်ချက်မှာ ဖော်ပြထားပါတယ်။

ဒါကြောင့် နိုင်ငံအလိုက် ကလပ်အသင်းတွေရဲ့ဝင်ငွေစံချိန်မြင့်မားမှုမှာတော့ အချိန်ကာလတစ်ခုအထိ ကမ္ဘာ့ဝင်ငွေ အကောင်းဆုံးထိပ်တန်းအသင်းတွေအဖြစ် အင်္ဂလန်အသင်းတွေ ပါဝင်နေဦးမှာ ဖြစ်တဲ့အကြောင်း ဖော်ပြလိုက်ရပါတယ်။ ။

ကိုးကား–အင်တာနက်

အင်တာနက်သတင်းအတိုအထွာ

- ❖ **ဘာစီလိုနာ တိုက်စစ်မှူးအီတိုးက အသင်းသို့ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာပြောင်းရွှေ့လာမည်ဆိုပါက သူ့အနေဖြင့် ကြိုဆိုကြောင်း ပြောကြားလိုက်သည်။**
- ❖ ပို့စ်မောက် တိုက်စစ်မှူး ကနူးသည် ဒေးဗစ်ဘက်ခမ်းကစားနေသည့် အယ်လ်အေဂလက်ဆီနှင့် ဆွေးနွေးလျက်ရှိသလို ဩစတြေးလျ ကလပ်အသင်း ဂိုးလ်ကို့စ်ဂလက်ဆီသို့လည်း ပြောင်းရွှေ့ရန် လေ့လာနေသည်။
- ❖ **လီဗာပူးအသင်းသည် ပေါင်၂၂၅၀၀၀ ဖြင့် ဝယ်ယူခဲ့သော ဂိုးသမား နီကိုလေမီဟောလော့ဗ်ကို ၎င်းအား အငှားချထားသည်။ တွင်တီ အသင်းသို့ ပေါင်လေးသန်းဖြင့် ရောင်းချဖွယ်ရှိသည်။**
- ❖ ဆန်းဒါးလန်းအသင်းနှင့် လာမည့်နွေရာသီ၌ စာချုပ်ကုန်ဆုံးမည့် ဒွိုက်ယော့က ၎င်းအနေဖြင့် အသင်း၏အနာဂတ်အတွက် ဆက်လက်ကစားလိုသောဆန္ဒရှိနေကြောင်း ပြောကြားသည်။
- ❖ **အက်စတွန်ဗီလာအသင်းနည်းပြ မာတင်အိုနေးသည် ဗီလာအသင်းကို ပရီမီယာလိဂ် ထိပ်သီးလေးသင်းတွင် ပါဝင်နိုင်ရေးအတွက် ငွေကြေးတိုးမြှင့်သုံးစွဲမည်ဖြစ်သည်။**
- ❖ မန်ယူအသင်းသည် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ရန် အသင့်ရှိနေပြီး ပရီမီယာလိဂ်သရဖူကို အရယူမည်ဟု ရှိုင်ယံဂစ်က အခိုင်အမာ ပြောကြားသည်။
- ❖ **လီဗာပူးအသင်းပိုင်ရှင်များဖြစ်သည့် တွမ်ဟစ်နှင့် ဂျော့ဂီးလက်တို့သည် လီဗာပူးကို ဒူဘိုင်းနိုင်ငံတကာ စီးပွားရေး လုပ်ငန်းအဖွဲ့သို့ ပေါင်သန်း ၄၆၀ ဖြင့် ရောင်းရန်စီစဉ်လျက်ရှိသည်။**

အေစီတိုက်စစ်မှူးရော်နယ်ဒို ဒူးခေါင်းဒဏ်ရာကြောင့်အနားယူရဖွယ်ရှိ

မီလန် ဖေဖော်ဝါရီ ၁၄

အေစီမီလန်တိုက်စစ်မှူး ရော်နယ်ဒို (အောက်ပုံ)**သည် ဝဲဘက်ဒူးခေါင်းအရွတ် စုတ်ပြတ် သွားသဖြင့် ဘောလုံးကစားခြင်းမှ အနားယူရမည့် အခြေအနေဖြစ်နေကြောင်း အသင်းပိုင်ရှင် ဘာလုစ်ကိုနီက ပြောကြားသည်။**

အသက် ၃၁ နှစ်ရှိ ဘရာဇီး တိုက်စစ်မှူး ရော်နယ်ဒိုသည် ဗုဒ္ဓဟူးနေ့က လီဗော်နိုအသင်းနှင့် စီးရီးအေ ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရာတွင် ဒူးခေါင်းဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ပြင်သစ်နိုင်ငံ၌ ခွဲစိတ်ကုသနေသည်။

စိုးရိမ်ပူပန်

ရော်နယ်ဒိုသည် ၎င်းဒဏ်ရာကြောင့် ဘောလုံးကစားခြင်းမှ အနားယူရမည်ကို စိုးရိမ်ပူပန်နေရကြောင်း ဘာလုစ်ကိုနီက အီတလီရုပ်မြင်သံကြားသို့ ပြောကြားသည်။

ဒူးခေါင်းအမာရွတ်စုတ်ပြတ်သွားသော တိုက်စစ်မှူး ရော်နယ်ဒိုသည် ဒဏ်ရာပျောက်ကင်းသည်အထိ အနားယူလျှင် ကိုးလကြာ ပြိုင်ပွဲများနှင့် လွဲချော်ဖွယ်ရှိသည်ဟု ဆိုသည်။

ကစားရမည်

ချန်ပီယံလိဂ် ချန်ပီယံ အေစီမီလန်သည် ဖေဖော်ဝါရီ ၂၀ ရက်တွင် အာဆင်နယ်အသင်းနှင့် ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲ ပထမအကျော့ ကစားရမည်ဖြစ်သည်။

ယခုနှစ်ရာသီအကုန် အေစီမီလန်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ရော်နယ်ဒိုသည် ၁၉၉၉ ခုနှစ် နိုဝင်ဘာလကလည်း ညာဘက်ဒူးခေါင်း အလားတူဒဏ်ရာမျိုးရခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

မာဆေးအိုးပင်းပြိုင်ပွဲပြင်သစ်တင်းနစ်ကစားသမား တီဆွန်ဂါရှုံးနိမ့်

မာဆေး ဖေဖော်ဝါရီ ၁၄

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲရောက် ပြင်သစ်တင်းနစ်ကစားသမား တီဆွန်ဂါ(ဝဲပုံ)သည် ဖေဖော်ဝါရီ ၁၃ရက်က မာဆေးအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်တွင် ခရိုအေးရှားမှ မာရီယိုအန်းဆစ်အား ၇–၅၊ ၇–၆ ဖြင့် ရှုံးနိမ့်သွားခဲ့သည်။

အနိုင်ရ

အဆိုပါ မာဆေးတင်းနစ်အိုးပင်း ပြိုင်ပွဲတွင် ဩစတြေးလျ အိုးပင်းဖလား ဆွတ်ခူးခဲ့သော ဆားဘီးယား တင်းနစ်ကစားသမားဒီဂျိုကိုဗစ်က အီဗန်ဒိုဒစ်အား ၆–၁၊ ၆–၄ဖြင့် အနိုင်ရပြီး ဒုတိယအကျော့ပြိုင်ပွဲသို့ တက်လာသည်။

ဗြိတိသျှ နံပါတ်တစ် တင်းနစ်ကစားသမားမာရေးသည် ဒုတိယအကျော့ ပွဲစဉ်တွင် ဝါရင်ကာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လက်လွှတ်ခဲ့ရ

ပြင်သစ်တင်းနစ်ကစားသမား တီဆွန်ဂါသည် ဩစတြေးလျ အိုးပင်းဗိုလ်လုပွဲတွင် ဆားဘီးယား တင်းနစ်ကစားသမား ဒီဂျိုကိုဗစ်အား ရှုံးနိမ့်ပြီး ဖလား လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ၌ အိုင်ဗရီကို့စ်ကို အနိုင်ရပြီး အောင်ပွဲခံနေသော ဂါနာအသင်းသားများ။

(အင်တာနက်ဓာတ်ပုံ)

အာဖရိက၏နံပါတ်တစ်အသင်း ဂါနာဖြစ်ကြောင်းဖီဖာထုတ်ပြန်

အက်ခရာ(ဂါနာ) ဖေဖော်ဝါရီ ၁၄

ဂါနာဘောလုံးအသင်းသည် အာဖရိကတိုက်၏ ထိပ်ဆုံးနံပါတ်တစ်အဆင့်ရှိ အသင်းဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအုပ်ချုပ်မှုအဖွဲ့(ဖီဖာ)က ထုတ်ပြန်လိုက်သော ကြေညာချက်တွင် ဖော်ပြသည်။

မကြာမီက အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး တတိယဆု ဆွတ်ခူးခဲ့သော ဂါနာအသင်းသည် နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့သည့် အီဂျစ်အသင်းထက်ပင် ဘောလုံးစွမ်းရည်မှာ သာလွန်သည်ဟုဆိုသည်။

ဆွတ်ခူးနိုင်ခဲ့

ဖီဖာက ထုတ်ပြန်လိုက်သောစာရင်းအရ အီဂျစ်အသင်းသည် နှစ်နှစ်ဆက်တိုက် အာဖရိကနိုင်ငံများဖလားကို ဆွတ်ခူးနိုင်ခဲ့သော်လည်း အာဖရိကတိုက်၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် အဆင့်(၄)၌သာရှိသည်။

နိုင်ဂျီးရီးယားဘောလုံးအသင်းသည် အာဖရိကတိုက်တွင် နံပါတ်တစ်အဆင့်နေရာမှ နံပါတ်(၆)အဆင့်သို့ ကျဆင်းသွားခဲ့သည်။

ရောက်ရှိရာ

ဂါနာအသင်းသည် အက်ဆီယံကဲ့သို့ ထူးချွန်ပြောင်မြောက်သည့် ဘောလုံးသမားများကြောင့် ကမ္ဘာ့အဆင့်တစ်နေရာသို့ရောက်ရှိလာသည်။

ကင်မရွန်းအသင်းသည် အာဖရိကနိုင်ငံများဖလား ဗိုလ်လုပွဲတွင် အီဂျစ်အသင်းကိုရှုံးနိမ့်ခဲ့သော်လည်း ဖီဖာ၏ သတ်မှတ်ချက်အရ နံပါတ်(၂)နေရာတွင်ရှိနေသည်။

(အင်တာနက်)

မြင့်မောင်စိုး – စုစည်းတင်ပြသည်

မြန်မာ့ရုပ်မြင်သံကြား

၁၅-၂-၂၀၀၈ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀ ၈။ ဟင်းရွက်ရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ English for Everyday Use

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၁၇း၁၅ ၆။ မြန်မာစာမြန်မာစကား
၁၇း၃၀ ၇။ **အသိစိတ်ကလေးအရင်းတည်လို့** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁၇း၄၅ ၈။ နှောင်းခေတ်တေးပဒေသာ
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ သုတစုံလင်ရွှေညာဏ်ရှင်
၁၉း၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့်ဆုံစည်းခြင်း** (အပိုင်း-၉)
၁၉း၅၀ ၁၃။ လူငယ်များဆင်နွှဲ ဖုန်ရင်ရေခဲတောင်အောင်ပွဲ
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း-၁)

■ *ကျောဖုံးမှ*

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဖေဖော်ဝါရီ ၅ ရက်တွင် လှည်းကူးပညာရေးကောလိပ်၊ ပဲခူး ဒီဂရီကောလိပ်နှင့် ရန်ကုန် စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)တို့သို့ လည်းကောင်း သွားရောက်၍ ပညာရည်တိုးတက်မြင့်မားရေးဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး အင်္ဂလိပ်စကားပြောတတ်ကျွမ်းမှု စွမ်းရည်ပြစကားရည်လုပွဲသို့ တက်ရောက် ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဒဂုံတက္ကသိုလ်သို့သွားရောက်၍ ရူပဗေဒ လက်တွေ့စာသင်ခန်း၌ ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူနေမှုနှင့် ဘူမိဗေဒပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၄ ရက်က ဒေါ်မူမူကျော်အား ရည်စူး၍ အမှတ် ၂၅ နဝဒေးလမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ် ရန်ကုန်မြို့နေ ဦးမောင်မောင်မျိုးညွန့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံစဉ်။

(သတင်းစဉ်)

အထက(၄) ပုဇွန်တောင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အထက(၄) ပုဇွန်တောင်တွင် ၁၉၆၇ မှ ၁၉၈၇ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို မတ် ၂ ရက်(တောင်သူလယ်သမားနေ့) ညနေ ၃ နာရီတွင် ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အလှူငွေများကို ဦးမျိုးထွန်း ဖုန်း-၀၁-၅၁၆၀၄၁၊ ဦးကျော်ညွန့်ဦး ဖုန်း-၀၉-၅၁-၂၀၅၁၃၊ ဒေါ်သက်နှင်းဦး ဖုန်း-၀၉-၅၁-၁၂၅၉၃၊ ၀၁-၃၈၆၉၇၄၊ ဦးစိန်တိုး ဖုန်း-၀၉-၅၀-၀၀၆၁၃၊ ဦးဟန်ထူး ဖုန်း-၀၁-၂၉၄၀၂၅၊ ဦးတင်အောင်ကျော် ဖုန်း-၀၁-၂၉၇၂၇၅၊ ၀၉-၉၀-၃၀၁၇၁ နှင့် ဒေါ်သင်းသင်းဆွေ ဖုန်း-၀၁-၂၉၂၁၈၄(ထ-၄၊ ပုဇွန်တောင်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် မုန်းမြို့နယ် မီးတိုင်တောင်ကျေးရွာအုပ်စု ကော့ပြင်းကျေးရွာနေ အဘ ဦးအောင်ဆန်း၏သား မောင်အောင်ထူး အသက်(၂၅)နှစ်သည် အင်ဖက်ကောက်ရန် တောတွင်းသို့ သွားရောက်စဉ် တောတွင်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး မောင်အောင်ထူး၏ ဘယ်ဘက်ခြေထောက်နှင့် ဘယ်ဘက်လက်တို့တွင် မိုင်းစများ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

ပံ့ပိုးကူညီ

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သည့် မောင်အောင်ထူးအား တာဝန်ရှိသူများက မုန်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဝိလာသာစာရ ပျံလွန်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

နိုင်ငံတော်သြဝါဒါစရိယ ဝေဠုဝန်ဂိုဏ်းကြီး၏ သြဝါဒါစရိယ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့ ရွာဘဲနယ်မြေ စကားတောင်ရပ်ကွက် နဝဒေးလမ်း စကားတောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၈)ဝါရှိ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိလာသာစာရ မဟာထေရ်သည် (၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်)၊ ၁၀-၂-၂၀၀၈ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီခွဲတွင် ပြည်မြို့ စကားတောင်ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီး အန္တိမဈာပန အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် အမှတ် ၁၅ ကုန်သည်လမ်း ပုသိမ်မြို့နေ ဦးကြင်တုတ်-ဒေါ်စန်းမြင့်က အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဆားဗီးယား အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင်ကျရောက်သော ဆားဗီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆားဗီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဗုခ်(ခ်)ဂျေရာမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

The Live News ဂျာနယ် အမှတ်(၇၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံးဖော်ပြ ထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ်အမှတ်(၇၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ CNGတိုးမြှင့်ထုတ်လုပ်မည်၊ CNGတက္ကစီပေါင်း ၂၅၆၀ စီးကို ဖေဖော်ဝါရီလအတွင်း တက္ကစီမီတာများအပြီး တပ်ဆင်သွားမည်၊ အချစ်မျက်ဝန်းပိုင်ရှင် သူငယ်ချင်းချစ်သူလေးကို တကယ်ပိုင်ဆိုင်ခွင့်ရသွားတဲ့ Lလွန်းဝါ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်ပညာနှင့်ပတ်သက်သည့် သင်တန်းငါးခု တစ်ပြိုင်တည်းဖွင့်လှစ်နိုင်ရန် စီစဉ်နေ၊ တရုတ်နိုင်ငံတွင် နှင်းမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံတွန်းလှန်လျက်ရှိ၊ အမေရိကန်သမ္မတလောင်းအကြိုရွေးချယ်ပွဲများမှ မင်းသား မင်းသမီးတို့၏ အပြိုင်ကကြိုးများအတွက် တုတ်ထိုးသကြားလုံးစီးပွားရေးဆိုင်းချက် တီးလုံးသံဆန်းများ၊ မေလမတိုင်မီ သက်ဆင်ပြန်လာမည်၊ စိတ်ဝေဒနာရှင်များကို အသုံးပြုလာသည့် အီရတ်ဗုံးခွဲမှုလူ ၁၀၀ ခန့်သေဆုံး၊ ထည့်မလောက်အာဖဂန်နှင့် သဒ္ဒါလန်နေတိုး၊ ညစာစားပွဲ၊ တောင်ကြီးဂေါက်ကလပ်ကို နှုတ်ဆက်ခဲ့ပါတယ်။ Signal Pagoda Road မှသည် အလံပြဘုရားလမ်းသို့၊ တက္ကစီမင်းနှင့် အကျင့်ဆိုး၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ သက္က(ခေတ္တရာ)၊ မောင်မြတ်မွန်(ဆူးလေ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ဆက်သွယ်နိုင်

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာသတင်း အချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် တက္ကသိုလ်များ လှိုင်နယ်မြေရှိ Myanmar Info-Tech အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၂၂၊ သုနန္ဒာလမ်း၊ ရတနာကျွန်းရိပ်သာရပ်ကွက်၊ မြောက်ဥက္ကလာပနေ ဗိုလ်မှူးကြီးမြမောင်(ငြိမ်း)-ဒေါ်တင်မိုးရည်၊ သားသမီး မြေးမြစ်များက အလှူငွေကျပ် ၁၁၅၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး ရွှေသင်္ကန်းတော်များကပ်လှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကမ္ဘာ့ဝိပဿနာတရားပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ၏ ကောင်းမှုဖြင့် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ထားလျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး၏ ငှက်ပျောဖူးတွင် တစ်ပေပတ်လည် ရွှေချပ်များ ကပ်လှူပူဇော်မည်ဖြစ်ရာ သုံးကျပ်သား(သို့မဟုတ်) ခြောက်ကျပ်သား ရွှေသင်္ကန်းတော်များကို လှူဒါန်းလိုသော အလှူရှင်များသည် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ် ၇၇ နှင့် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဖျာပုံမြို့ ကျွန်းလုံးဥသျှောင်ပွင့်တော်မူ အောင်စေတီတော်မြတ်ကြီး ထီးတော်တင်လှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဖျာပုံမြို့နယ် ကန်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)၏ သြဝါဒကိုခံယူ၍ ဆရာတော်ကြီးဦးဆောင်ပြီး မတည်အလှူရှင် ဦးဘုကြီး-ဒေါ်တင်အေးမိသားစု၊ ဦးဖုန်းမြင့်-ဒေါ်မြင့်မြင့်စိန်၊ ဦးစု-ဒေါ်ညွန့်မိသားစု၊ ဦးတင်အေး-ဒေါ်စန်းစန်းဝင်း(ဇာဏီကျော်မိသားစု)၊ ဦးကာဆင်-ဒေါ်ကျင်လှ၊ ဦးမြင့်မောင်-ဒေါ်ခင်မာမိသားစုနှင့် ဆရာတော်၏ တပည့် ဒါယကာများစုပေါင်း၍ ကျပ်သိန်း ၂၀၀ ကျော် မတည်လှူဒါန်းမှုဖြင့် ဇင်းဘောင်ကျွန်းကျုံကျေးရွာတွင် တည်ထားပြီးဖြစ်သော ကျွန်းလုံးဥသျှောင်ပွင့်တော်မူ အောင်စေတီမြတ်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကို (၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ပြီး ထမနဲ ဒယ် ၁၀၀၊ သက်သတ်လွတ်သီးစုံထမင်းတို့ဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုနိုင်ရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အရှေ့တီမောသမ္မတ ဟိုဆေးရာမို့စ်ဟော်တာ ခွဲစိတ်ကုသပြီးနောက် ကျန်းမာရေးတည်ငြိမ်နေ

ဒီလီ ဖေဖော်ဝါရီ ၁၄



အရှေ့တီမောမြို့တော် ဒီလီ၌ သူပုန်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ခံရသော အရှေ့တီမောသမ္မတ ဟိုဆေးရာမို့စ်ဟော်တာသည် ဖေဖော်ဝါရီ ၁၃ ရက်က ခွဲစိတ်ကုသမှု ထပ်မံခံယူပြီးနောက် ကျန်းမာရေးအခြေအနေ တည်ငြိမ်မှုရှိနေကြောင်း အရှေ့တီမောအရာရှိများက ဖေဖော်ဝါရီ ၁၄ ရက်၌ ပြောကြားသည်။

သြစတြေးလျနိုင်ငံမြောက်ပိုင်း ဒါဝင် တော်ဝင်ဆေးရုံ၌ အရှေ့တီမောသမ္မတ ဟိုဆေးရာမို့စ်၏ ခန္ဓာကိုယ်အတွင်းမှ ကျည်ဆံကို ဆရာဝန်များက သုံးကြိမ်မြောက် ခွဲစိတ်ဖယ်ရှားခဲ့ခြင်းဖြစ်သည်။ ဆရာဝန်များက သမ္မတ ဟိုဆေးရာမို့စ်ဟော်တာသည် နေအိမ်၌ အနည်းဆုံး တစ်လအနားယူရဦးမည်ဟု ပြောကြားသည်။

ဘေရွတ်၌ ထောင်ပေါင်းများစွာသော ပြည်သူများဆန္ဒပြ

ဘေရွတ် ဖေဖော်ဝါရီ ၁၄

လွန်ခဲ့သည့် သုံးနှစ်က လုပ်ကြံခံရပြီး သေဆုံးခဲ့ရသော လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ရာဖစ်ဟာရီရီ သေဆုံးခဲ့ရသည့် သုံးနှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် လူထောင်ပေါင်းများစွာတို့က ဘေရွတ်မြို့၌ ဖေဖော်ဝါရီ ၁၄ ရက်က ဆန္ဒပြခဲ့ကြသည်။

ချီတက်ဆန္ဒပြ

လက်ဘနွန်နိုင်ငံတွင် အတိုက်အခံ ဟစ်ဇ်ဘိုလာအုပ်စုမှ ထိပ်တန်းစစ်ဘက်ခေါင်းဆောင်တစ်ဦး ကားဗုံးခွဲလုပ်ကြံခံရမှုကြောင့် ပြဿနာများရှုပ်ထွေးလျက်ရှိစဉ် ယခုကဲ့သို့ လူထုဆန္ဒပြပွဲကြီး ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆန္ဒပြသူများက ဘေရွတ်မြို့လယ်လမ်းမကြီးများတစ်လျှောက် ချီတက်ဆန္ဒပြခဲ့ကြသည်။

ဂရိတောင်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

အေသင် ဖေဖော်ဝါရီ ၁၄

ဂရိနိုင်ငံ အေသင်မြို့ အနောက်တောင်ဘက် ၁၄၃ မိုင်ခန့်အကွာ ကာလာမာတာမြို့အနီး ပင်လယ်ပြင်၌ ဖေဖော်ဝါရီ ၁၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၉ မိနစ်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၃ ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း ဂရိအရာရှိများက ပြောကြားသည်။

ပျက်စီးဆုံးရှုံး

လောလောဆယ်အချိန်၌ ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု သတင်းအတိအကျမရရှိသေးကြောင်း ၎င်းအရာရှိများက ပြောကြားသည်။

ဓညဝတီမှာ သာတဲ့လ

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

၂၀၀၈ ဇန်နဝါရီလ ၂၈ ရက်။

ဟေမာန်ဆောင်းလရာသီမို့ငွေနှင်းများကဝေနေဆဲ။ မင်းလွင်မြူခိုးတို့ကဆိုင်းနေဆဲ။ နေမင်း၏ နံနက်ခင်း အလင်းရောင်အောက်ဝယ် အချို့အချို့သော ရောင်ခြည်တန်းများက ရွှေခြည်ငွေခြည်မျှင်များလို လင်းလက်တောက်ပနေပေသည်။ ဤကြည်နူးဖွယ် မင်္ဂလာနံနက်ခင်းအချိန်တွင် ကျွန်မတို့သည် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိခဲ့ရပြန်ပေသည်။

စစ်တွေမြို့ဟု ဆိုလိုက်သည်နှင့်ပင် ဆရာမြင်းမူ မောင်နိုင်မိုး၏ ကဗျာတစ်ပုဒ်ကို သတိရလိုက်မိသည်။

'ချစ်စရာ့ပန်းချီ.....အမွှမ်းတွေနဲ့
ကစ္ဆပနဒီကမ်းရဲ့....ငြိမ်းချမ်းတဲ့ဆည်းဆာရီ။
ဆွေသမုတွေရဲ့......မေယုမြေကိုယ်လာတော့...
ညိုပြာပြာအုန်းညိုတန်းရယ်....လွမ်းကျန်ခဲ့ပြီ'။

မှန်ပေသည် မျက်စိကျန်းမာရေး စောင့်ရှောက်မှုအတွက် ကျောက်ဖြူ၊ တောင်ကုတ်၊ သံတွဲ၊ မင်းပြား၊ မြောက်ဦးစသည့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများကို အခေါက်ခေါက်အခါခါ ရောက်ခဲ့ပြီးဖြစ်သော်လည်း ရခိုင်ရိုးမ တောင်တန်းကြီးများရှိရာသို့ သွားရမည်ဆိုသည်နှင့် ကျွန်မတို့အားလုံး လွမ်းတသသနှင့်ပျော်ရွှင်တက်ကြွနေခဲ့ကြစမြဲပင်။

အမှန်တကယ်အားဖြင့် ကျွန်မတို့သည် ၂၀၀၀ပြည့်နှစ်မှစ၍ယနေ့အထိ မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၀၇ခုနှစ်တစ်နှစ်အတွင်းမှာပင် ခရီးစဉ်ပေါင်း (၁၅)ကြိမ်ရှိခဲ့ပြီ။ မြန်မာနိုင်ငံအနှံ့အပြား ပြည်နယ်နှင့် တိုင်းအသီးသီးမှ မျက်စိဝေဒနာရှင်ပေါင်း လေးသောင်းကျော်ကို အခမဲ့ကြည့်ရှုကုသပေးနိုင်ခဲ့ပြီး အတွင်းတိမ်လူနာပေါင်း ၃၆၀၅ ဦးကို မျက်စိအလင်းပေးနိုင်ခဲ့ပြီဖြစ်ရာ ၂၀၀၇ခုနှစ်သည် စံတင်လောက်သည့်နှစ်ဟု ဆိုရပေမည်။

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက မျက်စိခွဲစိတ်ကုသပြီးသူများအား ထောက်ပံ့ငွေပေးအပ်စဉ်။

ဤသို့ဖြင့်ပင် ယခုနှစ်၂၀၀၈ခု နှစ်ဦးအစတွင်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသမှု အစီအစဉ်အတွက် စစ်တွေမြို့သို့ သွားရောက်ခဲ့ရသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံအနောက်ဘက်ပိုင်းတွင်တည်ရှိပြီး အရှေ့ဘက်တွင် စိမ်းညိုပြာမှိုင်းနေသည့် နွယ်ချိုဖိုးခေါင်ရိုးမတောင်တန်း၊ အနောက်ဘက်တစ်ခွင်တွင် ရှုမဆုံးသည့် ပြာလဲ့လဲ့ဘင်္ဂလားပင်လယ်အော်ကြီးနှင့် ကြည့်လေတိုင်း စိမ်းစိမ်းမြမြ တောတောင်အရပ်ရပ်၊ မြစ်ချောင်းအင်းအိုင် အထပ်ထပ်နှင့်ကြည်နူးစရာကောင်းလှပေသည်။ရခိုင်ဒေသအတွင်းမှာပင် ဓညဝတီဟုခေါ်သော စစ်တွေ၊ မေဃဝတီခေါ်သည့် မာန်အောင်၊ ရမ္မာဝတီဟုခေါ်သော ရမ်းဗြဲ၊ ဒွါရဝတီဟုခေါ်သည့် သံတွဲစသည့် ဝတီလေးရပ်ဖြင့် ဖွဲ့စည်းထားသလို ရခိုင်ဒေသ၏ မြို့လေးများမှာလည်း သူ့အဓိပ္ပာယ်နှင့်သူ ထင်ရှားသည့် သမိုင်းကြောင်းများဖြင့် ချစ်စရာလှပနေပေသည်။ 'ဓည'ဆိုသည်မှာ ဆန်စပါး၊ 'ဝတီ'ဆိုသည်မှာ ပေါများရာအရပ်။ ထို့ကြောင့် 'ဓညဝတီ'ဟူသည် ဆန်ရေစပါး ပေါများကြွယ်ဝရာအရပ်ဟု ရှေးအတိတ်ကပင် သမိုင်းကြောင်းဝင့်ထည်ခဲ့ရာ ဒေသတစ်ခုဖြစ်ပေသည်။

ကျွန်မတို့အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ စစ်တွေလေဆိပ်ရောက်သည်နှင့် ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးနှင့် ပြည်နယ်မျက်စိအထူးကု ဆရာဝန်ကြီးများ၊ မြို့မိမြို့ဖများက လှိုက်လှဲစွာ ကြိုဆိုခဲ့ကြပေသည်။ ကျွန်မတို့အဖွဲ့ တည်းခိုရမည့် စစ်တွေဟိုတယ်တွင် နံနက်စာ စားသောက်ပြီးသည်နှင့် စစ်တွေဆေးရုံသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ပြင်ပလူနာ ကြည့်ရှုမည့်နေရာ၊ လူနာများ၊ လူနာစောင့်များ စောင့်ဆိုင်းနားနေရမည့်နေရာ၊ ခွဲစိတ်ခန်းတွင် ပြင်ဆင်ထားရှိမှု အခြေအနေများကိုကြည့်ရှုကြပြီးနောက် လုပ်ငန်းများစတင်နိုင်ရန် တာဝန်ခွဲဝေပေးခဲ့ကြသည်။ ဆေးရုံအစည်းအဝေးခန်းမကို ပြင်ပလူနာကြည့်မည့်နေရာအဖြစ် သတ်မှတ်ပြီး ထုံးစံအတိုင်း စားပွဲတစ်လုံးတွင် ဆရာဝန်နှစ်ဦးက လူနာနှစ်ဦးတစ်ပြိုင်နက် ကြည့်နေကြပြီဖြစ်သည်။ ဒေါက်တာအေးမြတ်ဦး၊ ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာတင်အေးခိုင်၊ ဒေါက်တာအေးမိုးထက်၊ ဒေါက်တာမိုးအေးလတ်၊ ဒေါက်တာ မောင်မောင်မျိုးဝင်းနှင့် ဒေါက်တာအောင်နေဦးတို့ လူနာစတင်ကြည့်ရှုသည်နှင့် ဆရာဝန်နှင့် လူနာကြား ဘာသာစကားမှအစ အဘက်ဘက်မှ အဆင်ပြေချောမွေ့စေရေးအတွက် အစ်မကြီး ဒေါက်တာခင်ဆန်းနွယ်နှင့် ဒေါက်တာစန္ဒာအောင်တို့မှ ဦးဆောင်ကြီးကြပ်၍ လူမှုရေးအသင်းအဖွဲ့ဝင်များက အနီးကပ်ကူညီပေးခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် ရန်ကုန်မြို့မှ ဆရာမလေးများဖြစ်ကြသော နော်လွဲကပေါ၊ ဒေါ်ဝင်းပပ၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ယုဝါမောင်၊ ဒေါ်စန္ဒာလှိုင်၊ ဒေါ်သင်းလဲ့စိုးနှင့် Alcon ကုမ္ပဏီမှ ကိုတင်ထွန်းဝင်း တို့ကလည်း ခွဲစိတ်ခန်းတွင်းဝယ် မိုက်ခရိုစကုပ်များ တပ်ဆင်နေကြပါသည်။ အခြားခရီးစဉ်များနှင့် မတူညီ သည်က စစ်တွေမြို့တွင် မျက်စိအထူးကုဆရာဝန် နှစ်ဦးရှိရာ မလာမီတစ်ပတ်အလို ကတည်းကပင် ဒေါက်တာဦးမိုးကျော်က အတွင်းတိမ်လူနာများကို ကြိုတင်ရွေးချယ်ထားပြီးဖြစ်သဖြင့် ကျွန်မတို့အဖွဲ့ ရောက်လာသည်နှင့် လူနာ ၁၀၀ခန့် ခွဲစိတ်ရန် အသင့် ရှိနေခဲ့ကြသည်။

တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မျက်စိခွဲစိတ်ကုသပြီး လူနာများအား အားပေးစကား ပြောကြားစဉ်။

ထို့ကြောင့် ပါမောက္ခ ဒေါက်တာကံညွန့်၊ ပါမောက္ခ ဒေါက်တာမြအောင်၊ ဒေါက်တာသူဇာဟန်တို့က ဦးဆောင်၍ ဒေါက်တာမိုးကျော်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာ ရီလင်း၊ ဒေါက်တာ အောင်မိုးထွန်း၊ ဒေါက်တာ ချောဝေလွင် တို့က လူနာ ခုနစ်ယောက်ကို မိုက်ခရိုစကုပ်ခုနစ်လုံးဖြင့် တစ်ပြိုင်နက်စမ်းသပ် ခွဲစိတ်နိုင်ခဲ့ကြပေသည်။

ပြင်ပလူနာကြည့်ရှုရာတွင်လည်း မြို့နယ်အလိုက်၊ နေ့အလိုက် စနစ်တကျခေါ်ယူထားရာ ပုဏ္ဏားကျွန်း၊ မြေပုံ၊ မင်းပြား၊ မောင်တော၊ ရသေ့တောင်၊ ဘူးသီးတောင်နှင့် စစ်တွေမြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင်များပြားစွာလာရောက်ခဲ့ကြသည်။ ယင်းသို့ ပြသနိုင်ရန်အတွက် ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် တစ်လခန့်ကြိုတင်၍ ကျေးရွာအရောက် တစ်အိမ်တက်ဆင်း လိုက်လံ ဆော်ဩခဲ့ကြသည်။ ထို့ကြောင့်ပင် ကျွန်မတို့ရောက်သွားသည့်အခါ စစ်တွေဆေးရုံဝင်းအတွင်းနှင့် စစ်တွေတစ်မြို့လုံး လူနာများ၊ လူနာစောင့်များဖြင့် ပြည့်လျှံကာ ကြက်ပျံမကျ ဖြစ်နေခဲ့သလို၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဦးကျော်ရင်၊ ဒေါက်တာ ဦးမိုးကျော်နှင့် တာဝန်ရှိသူများ၏ ရခိုင်သံဝဲဝဲ အသံစာစာကို မနားတမ်း ကြားနေရပြီဖြစ်သည်။ ကျွန်မတို့နှင့်အတူ လိုက်ပါလာခဲ့သော ခရီးစဉ်အစအဆုံး စီစဉ်ဆောင်ရွက်နေရသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် Golden Wax ကုမ္ပဏီမှ အလှူရှင်များမှာ မကြုံစဖူးထူးကဲသော လူအုပ်ကြီးကို ကြည့်၍ အံ့ဩနေကြသလို တစ်ဖက်မှလည်း စိုးရိမ်စိတ်ဖြင့် 'အားလုံးကိုကြည့်ပေးပါနော်၊ လိုအပ်တာမှန်သမျှအားလုံးကို ဖြည့်ဆည်းပေးမှာပါ'ဟု ပြောရင်း စိတ်လှုပ်ရှားနေခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင် တွေ့ရှိရသည့် လူနာများမှာ ထုံးစံအတိုင်း အတွင်းတိမ်လူနာက အများဆုံးဖြစ်ပြီး၊ ရေတိမ်ရောဂါသည်၊ မျက်သားတက်လူနာ၊ မျက်ကြည်လွှာအနာ၊ ထိခိုက်ဒဏ်ရာလူနာ၊ မျက်မှန်ပါဝါလိုအပ်သူများအပြင် မြင်လွှာကွာသည့် လူနာများကိုပါတွေ့ရှိခဲ့ရသည်။ ထို့အပြင် အခြားဒေသများတွင် တွေ့ရခဲလှသည့် (Retinitic Pigmentosa) ဟုခေါ်သော ဝမ်းတွင်းပါ မြင်လွှာရောဂါတစ်မျိုးကို တွေ့ရှိ ခဲ့ရသေးသည်။ မိသားစုတစ်စုတွင် သားသမီးခုနစ်ဦးရှိသည့်အနက် ငါးဦးမှာ ၎င်းရောဂါခံစားနေရပြီး အမြင်အာရုံဆုံးရှုံးနေကြသည့် လူနာများကို ထူးထူးခြားခြား တွေ့ရှိခဲ့ရပေသည်။ ၎င်းရောဂါမှာ ညဘက်မမြင်ရသည့် ရောဂါတစ်မျိုးဖြစ်ပြီး ဗီတာမင်အေချို့တဲ့သူများနှင့် ဆင်တူယိုးမှားဖြစ်တတ်သည့် မျိုးရိုးလိုက်တတ်သော ရောဂါတစ်မျိုးဖြစ်သည်။ မျက်လုံးတွင်းသို့ ပြင်ပမြင်ကွင်းမှ အလင်းတန်းများကို ပုံရိပ်ထင်စေနိုင်သည့် မြင်လွှာရှိ အာရုံခံဆဲလ်များ ပျက်စီးခြင်းပင်ဖြစ်သည်။ ယင်းအာရုံခံဆဲလ်များက အလင်းပုံရိပ်ကို လျှပ်စီးစွမ်းအင်အဖြစ်သို့ ကူးပြောင်းပေးပြီး စက္ခုအာရုံကြောဆီသို့ လက်ဆင့်ကမ်းပေးရပါသည်။ အလင်းစွမ်းအင်သည် လျှပ်စီးစွမ်းအင်အဖြစ်သို့ ကူးပြောင်းမလာသည့်အခါ အမြင်အာရုံသည် ပေါ်မလာနိုင်တော့ဘဲ အမြင်အာရုံ ဆုံးရှုံးကြရခြင်းဖြစ်သည်။ လူတစ်ထောင်တွင် ငါးယောက်နှုန်း ဖြစ်တတ်ပြီး ရခိုင်အခေါ် သမီးမြောက်သားချင်း လက်ဆက်ပေးစားခြင်း (သွေးသားနီးစပ်သူ မောင်နှမသားချင်း လက်ဆက်ခြင်း)ကြောင့် မျိုးရိုးလိုက်ရ ခြင်းဖြစ်ရာ ဆွေးနွေးပညာပေးခြင်းများ ပြုလုပ်ရပေသည်။ ၎င်းရောဂါကိုကုသရန် ကုထုံးမရှိသေးသော်လည်း နောက်ဆက်တွဲရောဂါများဖြစ်သည့် အတွင်းတိမ်၊ ရေတိမ် ရောဂါများကိုမူ ဖြေရှင်းကုသပေးနိုင်ပေရာ မျက်စိဆရာဝန်နှင့် ဆက်လက်စစ်ဆေးမှုများပြုလုပ်ရန် ပညာပေး မှာကြားကြရပါသည်။

ရခိုင်ဒေသသည် ယခင်က ပြည်မနှင့် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲခဲ့ရသော်လည်း ယခုလက်ရှိအခြေအနေမှာမူ ရခိုင်ဒေသတစ်ခုလုံး လမ်းသစ်၊ တံတားသစ်များအပြင် ဆက်သွယ်ရေးအော်တိုတယ်လီဖုန်းလိုင်းများ၊ လျှပ်စစ်မီးများ၊ ဆေးရုံ၊ စာသင်ကျောင်းများနှင့် အဘက်ဘက်မှ ခေတ်မီတိုးတက်နေသည်ကို တွေ့မြင်နိုင်ကြပေသည်။

ယခုလို ကျွန်မတို့ မျက်စိဆရာဝန်များအနေဖြင့် ရခိုင်ပြည်သူများရှိရာ အရောက်လာပြီး ပြည်နယ်မျက်စိအထူးကုဆရာဝန်များနှင့် ပူးပေါင်း၍ ကုသမှုများပေးနိုင်ခဲ့ခြင်းကပင် ထိရောက်သည့် ကုသမှုမရရှာသည့် အတွင်းတိမ်လူနာများ၊ ကျန်းမာရေးအသိအမြင်နည်းပါးလှသည့် ကျေးလက်နေပြည်သူများကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သလို မျက်မမြင်ဦးရေကိုများစွာ လျှော့ချပေးနိုင်ခြင်းကြောင့် ကျွန်မတို့ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကိုလည်း တစ်ပါတည်းဖော်ဆောင်ပြီး ဖြစ်နေပေတော့သည်။

ရခိုင်ပြည်နယ်အနေဖြင့် လူတစ်သိန်းလျှင် ၁၅၀၀ နှုန်းဖြင့် အတွင်းတိမ်ကြောင့် မျက်စိကွယ်နေကြရသည်။ ပင်လယ်ရေပြင်မှ အလင်းပြန်လာသည့် နေရောင်ခြည်နှင့် အလင်းပြန်ဟပ်ခံနေရသည့် ပင်လယ်ပျော် ရေလုပ်သားကြီးများသည် မျက်စိထိခိုက်ဒဏ်ရာ၊ ရေတိမ်၊ မျက်နက်ရောင်ရောဂါ၊ မျက်ကြည်လွှာရောင်ရမ်းနာများကို သေချာစွာ မကုသခဲ့၍ ဆွယ်ပွားထိခိုက်မှုများကြောင့် အတွင်းတိမ်ဖြစ်ပြီး မျက်စိကွယ်ရသူ များပြားရခြင်း ဖြစ်သည် ။ ဤခရီးစဉ်တွင် အဆိုပါ ရောဂါများကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြသည်။ နောက်တစ်နေ့ နံနက် ၇နာရီမှစ၍ ခွဲစိတ်ပြီး လူနာများကို တစ်စုတစ်ဝေးတည်း စုစည်းပြီး အုပ်ထားသည့် ဂွမ်းစကိုဖယ်၊ သန့်ရှင်းရေး လုပ်ပေး၊ မျက်စဉ်းခတ်ပေးပြီးနောက် အမြင်အာရုံ စမ်းသပ်ကြချိန်တွင် အလင်းသစ်တို့နှင့်အတူ ပီတိတွေဝေဖြာနေသည့် ရခိုင်တိုင်းရင်းသားတို့၏ အပြုံးမျက်နှာများက ကြည်နူးစရာပင်။ စီစဉ်ပံ့ပိုးပေးသူ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး အစ်မကြီးဒေါ်မြသီဂီ၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တာဝန်ရှိသူများ၏ အပြုံးမျက်နှာများ၊ အလှူရှင်၏ လက်ကို ကိုင်လှုပ်ရင်း မျက်ရည်လည်ရွဲ ဝမ်းသာဝမ်းနည်း စကားဆိုနေသည့် ရခိုင်တိုင်းရင်းသားကြီး၏

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ ဆောင်းပါးမှ

စကားသံများ "ကျေးဇူးတင်တယ်ဆိုတဲ့ စကားနဲ့ မလုံလောက်ပါ၊ အရင်တုန်းက မျက်စိမမြင်ရတဲ့အတွက် ကိုယ့်ကိုယ်ကို သတ်သေချင်မိပြီး ဘဝဆုံးနေခဲ့ရပါတယ်။ အခုတော့မြင်ရပြီ၊ လင်းပြီဖြစ်လို့ မသေချင်သေးပါ။ မေတ္တာတွေပို့ပေးရပါဦးမယ်။ မသေခင်သာ ကုသိုလ်ကောင်းမှုပြုလို့ရတာ မျက်မမြင်ဘဝမှာ ဘာကုသိုလ်စိတ်မှ မရှိနိုင်၊ အခုလို အဘိုး မျက်စိအလင်းရအောင် လုပ်ပေးခဲ့တဲ့ ဆရာဝန်ကြီးတွေနဲ့ အလှူရှင်တွေကို အဘိုးလေ..." ရိုးသားလှသည့် အဘိုးအိုတို့၏ ဆုပေးသံများက ဆို့နင့်တိုးတိတ်စွာ။ မိမိတို့၏ စစ်မှန်သော အလှူဒါနအတွက် အံ့သြတုန်လှုပ်စွာ ဂုဏ်ယူဝမ်းမြောက်နေသည့် အလှူရှင်တို့၏ ပီတိမျက်နှာမြင်ကွင်းများက လှပအသက်ဝင်လှသည့် ပန်းချီကားချပ်များသဖွယ်။

ထိုစဉ် ဒေါက်တာ ဦးမိုးကျော်က ရခိုင်ဘာသာဖြင့် ခွဲစိတ်ပြီးနောက် ရှောင်ရန်၊ ဆောင်ရန်များဟောပြောနေခဲ့သလို၊ အလှူရှင်များက လူနာတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ စီ၊ တာဝန်ရှိသူများက နေကာမျက်မှန်နှင့် မျက်စဉ်းဆေးဝါးများ ပေးလှူနေကြသည်ကို ကြည့်ရင်း ခရီးစဉ်တစ်ခု အောင်မြင်မှု၏ ရလဒ်ကို တွက်ချင့်နေမိသည်။

အမှန်တကယ်အားဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသဖြင့် မည်သို့ပင် အမည်နာမ ကွဲပြားခြားနားနေပါစေ ဤမြေ၊ ဤရေပေါ်တွင် အတူရပ်တည် ရှင်သန်နေကြသည့် ပြည်ထောင်စုသားသွေးချင်းများ၏ စက္ခုအလင်းကို ဖော်ဆောင်ပေးနိုင်ခဲ့ကြခြင်းကပင် ကျွန်မတို့အားလုံး ရခဲ့သော အကျိုးရလဒ်များပင်၊ ပြည်သူတို့၏ စက္ခုအလင်းကို ဖော်ဆောင်ရာတွင် မည်သည့်လမ်းကြောင်း၊ မည်သည့် ရည်ရွယ်ချက်များပင်ဖြစ်ပါစေ အမှောင်ကိုခွင်း အလင်းကိုဆောင်ပေးနိုင်ရေးသည်သာ ကျွန်မတို့အားလုံး၏ တူညီသော ဆန္ဒပင်ဖြစ်ပင်ဖြစ်ပါသည်။

ထိုအခါ အလှူရှင်တို့၏ စိတ်ဆန္ဒကိုပါ ဖော်ပြချင်မိပြန်သည်။ ယခုအလှူရှင်တို့မှာ ဘာသာရေး၊ လူမှုရေး၊ ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်းစသဖြင့် နေရာဌာနအသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် လှူဒါန်းနေခဲ့ရာမှ ဤတစ်ကြိမ်တွင်တော့ တစ်ခါမျှ မလှူဖူးသည့် ထူးခြားသည့် အလှူတစ်ခုဖြစ်လိုပါသည် ဆိုခြင်းကြောင့် ဤခရီးစဉ်ဖြစ်ပေါ်ခဲ့ရခြင်းပင်။ အမှန်တကယ်လည်း ထူးခြားသည့် အလှူအဖြစ် မော်ကွန်းတင်ရမည်သာ။ ၎င်းတို့၏ စေတနာသုံးတန်ပြဋ္ဌာန်းသော ကုသိုလ်စိတ်ကြောင့်ပင် ကျွန်မတို့ခွဲစိတ်မှု ရာနှုန်းပြည့် အောင်မြင်စေရေး၊ ရေ၊ မီး၊ အချိန်ပြည့် ပြည့်စုံစေခဲ့သည်။ ဆေးရုံတစ်ရုံလုံး လှပတင့်တယ်ရှင်းသန့်၍ မီးလင်းစေရေးလည်း ပါဝင်လှူဒါန်းခဲ့သည်။ ဆေးရုံခွဲစိတ်ခန်းပြုပြင်ပြင်ဆင်၊ မျက်စိခွဲစိတ်ခန်း သီးသန့်ပြင်ဆင်ခြင်း၊ Air Con လေးလုံးဖြင့် အေးမြနေစေရေးကအစ၊ မျက်စိခွဲစိတ်ခန်းသုံး အဝတ်အထည်ပစ္စည်း၊ ဖိနပ်ပါမကျန် ဖြည့်ဆည်းပေးခဲ့သည်သာမကသေး လာပြသည့် လူနာများအားလုံး မျက်စဉ်းဆေးဝါး၊ မျက်မှန်၊ ခွဲစိတ်ပြီး လူနာများနှင့် ဆေးရုံဝန်ထမ်းများ၏ စားစရိတ်ပါ တာဝန်ယူ အလှူကြီးပေးခဲ့ခြင်းကို ထူးခြားသည့် အလှူဟုမဆိုလျှင် မည်သို့ဆိုရတော့မည်နည်း။

ရယူရန်လွယ်သလောက် ပေးဆပ်ရန်ခက်ခဲလှသည့် လောကတွင် ကျွန်မတို့သည် ပြည်သူထံမှ ရယူရန်လာခြင်းမဟုတ်။ ပြည်သူ့ထံသို့ ပေးဆပ်ရန်လာခြင်းဖြစ်ရာ ကိုယ်ကျိုးမဖက်သည့် ကျွန်မတို့ဆရာဝန်များ၏ မေတ္တာနှင့် လုပ်အားအလှူ၊ အလှူရှင်၏ ထူးခြားသည့် စေတနာများက ရာဇဝင်တွင် ကျန်ရစ်ခဲ့မည်သာ။ ဤသို့ဖြင့် ကျွန်မတို့သည် လူနာပေါင်း ၅၁၂၀ ကို ကြည့်ရှုပေးခဲ့ပြီး လေးရက်အတွင်း အတွင်းတိမ် ၆၀၃ဦး ကို အလင်းပေးနိုင်ခဲ့ပေပြီ။ မျက်မှန်ပါဝါ လိုအပ်သူ ၄၄၅ဦးကို မျက်မှန်ပေးလှူခဲ့ကြပြီး အလင်းအောင်ပွဲ အခမ်းအနားကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနိုင်ခဲ့ကြပေပြီ။

ကျွန်မတို့သည် ရခိုင်ပြည်သူများအတွက် **'ဘဝအလင်းရောင်ပေးသူ'** များပေလားဟု ဂုဏ်ယူဝမ်းမြောက်နေမိသည်။ ထိုအခါ ခရီးစဉ်အောင်မြင်ဖြစ်မြောက်အောင် စီစဉ်ပံ့ပိုးပေးသူနှင့် အလှူရှင်များက လမင်းတစ်စင်းဆိုပါလျှင် ကျွန်မတို့ မျက်စိဆရာဝန်များသည် လင်းလက်တောက်ပနေသည့် ကြယ်တာရာလေးများပေါ့...။ သည်တော့လည်း ဧည့်ဝတီမှာသာတဲ့လမင်း ကမ္ဘာတည်သရွေ့ လင်းစေသော်ဝ်ဟူ၍သာ ဆုတောင်းနေမိပါတော့သည်။ ။

လက်ဝှေ့ဝါသနာအိုးများအတွက် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခါပွဲ ကယ်(လ်)ဆမ် မျှော်စင်ကျွန်းမှ စိန်ခါသံ(၇) ကျင်းပမည်

ရိုးရာလက်ဝှေ့သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)
စာမျက်နှာပွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွေ မပြတ်တမ်း ကျင်းပလာနိုင်တာဟာ မြန်မာ့ရိုးရာလက်ဝှေ့ အားကစားကို စိတ်ဝင်စားအားပေးလာသူများလာစေသလို ရိုးရာလက်ဝှေ့ အားကစား ဖွံ့ဖြိုးတိုးတက်လာတဲ့ ပြယုဂ်တစ်ခုပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ အားကစားအဖွဲ့ချုပ်က ကြီးမှူးပြီး T&T Group က တာဝန်ယူ ကျင်းပမယ့် **"ကယ်(လ်)ဆမ် မျှော်စင်ကျွန်းမှ စိန်ခါသံ(၇)"** လက်ဝှေ့ပွဲကို ဖေဖော် ဝါရီ ၂၂ ရက် ညနေ ၆ နာရီမှာ ရန်ကုန်မြို့ ကရဝိက် ဥယျာဉ်ကမ္ဘာ (မျှော်စင်ကျွန်း)မှာ ကျင်းပတော့မှာ ဖြစ်ပါတယ်။ ဒီလက်ဝှေ့ပွဲနဲ့ ပတ်သက်ပြီး မီဒီယာရှင်းလင်းပွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းမှာရှိတဲ့ စီးတီးစတားဟိုတယ် ပထမထပ်မှာ ဖေဖော်ဝါရီ၁၄ ရက်နံနက် ၁၁နာရီက ကျင်းပခဲ့ပါတယ်။

ကယ်(လ်)ဆမ် မျှော်စင်ကျွန်းမှ စိန်ခါသံ မြန်မာ့ရိုးရာလက်ဝှေ့ပွဲကြီးနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေက ရှင်းလင်းပြောပြခဲ့ကြပါတယ်။ ဒီလက်ဝှေ့ စိန်ခါပွဲမှာ အထူးငါးချီ စိန်ခါပွဲ (၁၀)ပွဲပါဝင်ပြီး မြန်မာနိုင်ငံရဲ့ အကျော်ကြား ဆုံးလက်ဝှေ့သမားတွေ ပါဝင်ထိုးသတ်ကြမှာ ဖြစ်ပါတယ်။

ဒီပွဲမှာပရိသတ်တွေ အထူးစိတ်ဝင်စားစရာ အကောင်းဆုံးက မြန်မာပြည် ပထမတန်း အလွတ်တန်း ချန်ပီယံ လုံးချော(KLN)နဲ့ စိန်ခါသူ ချန်ပီယံဟောင်း ရှမ်းလေးသွေး(ခ) ကျော်စွာ (မြဝတီကျွဲမင်း)တို့ပွဲ ဖြစ်ပါတယ်။

စိန်ခါသူ မည်သည့်လက်ဝှေ့သမားကိုမဆို ရှုံးပွဲမရှိအောင်ထိုးသတ်ပြီး မြန်မာပြည် ပထမတန်း၊ အလွတ်တန်း ချန်ပီယံပွဲကို ထိန်းသိမ်းထားနိုင်ဆဲဖြစ်သည့် လုံးချော။

လက်ဝှေ့ စိန်ခါ ပွဲမှာ အထူး ငါးချီ စိန်ခါ ပွဲ(၁၀)ပွဲ ပါဝင်ပြီး မြန်မာနိုင်ငံရဲ့ အကျော်ကြားဆုံး လက်ဝှေ့သမားတွေ ပါဝင်ထိုးသတ်ကြမှာဖြစ်။

အကောင်းဆုံး ယှဉ်ပြိုင်မည်

"ကျွန်တော် အကောင်းဆုံး ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ"

လုံးချော (ပထမတန်း ချန်ပီယံ)

လုံးချောဟာ အလွတ်တန်း ရွှေခါးပတ်ကို ထပ်ဆင့်ရယူထားနိုင်သူဖြစ်ပြီးကရာတေး၊ကစ်ဘောက်ဆင်၊မွေထိုင်းချန်ပီယံများကို ဂျပန်နိုင်ငံမှာ အနိုင်ယူထိုးသတ်နိုင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ရွှေဝါထွန်း၊ ဝမ်ချိုင်းတို့ကို အလဲထိုး အနိုင်ယူခဲ့ သလို ခေတ်ပြိုင်လက်ဝှေ့ကျော် စောငမန်းကိုလည်း သရေပွဲ၊ နိုင်ပွဲတွေရအောင် ထိုးသတ်နိုင်ခဲ့သူပါပဲ။ နောက်ပြီး ချန်ပီယံရွှေဆိုင်းကိုလည်း သုံးကြိမ်အထိ သရေထိုးသတ်နိုင်ခဲ့သလိုအတန်းတက်စိန်ခါလာသူတွေကို သရဖူကာကွယ်ပွဲတွေ ထိုးသတ်ပြီး လက်ရှိချန်ပီယံအဖြစ် ရပ်တည်နေသူဖြစ်ပါတယ်။

မီဒီယာရှင်းလင်းပွဲကို တက်ရောက်လာတဲ့ လုံးချောနဲ့ တွေ့ဆုံမေးမြန်းတဲ့အခါ **"ဒီရက်တွေမှာ လက်ဝှေ့ပွဲ များနေတယ်။ ဇန်နဝါရီ ၂၇ ရက်က စစ်တွေမှာစောငမန်းနဲ့ပွဲ ထိုးသတ်ခဲ့တာ သရေပွဲဖြစ်ခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်က မော်လမြိုင်မှာ သူရရဲအောင်နဲ့ ထိုးသတ်ခဲ့ပါတယ်။ အဲဒီပွဲလည်း သရေပွဲပါပဲ။ ဖေဖော်ဝါရီ ၁၂ရက်က မန္တလေးမှာ ရန်ပုံငွေပွဲအဖြစ် ရန်ကြီးအောင်နဲ့ ထိုးသတ်ခဲ့ပါတယ်။ ဒီပွဲမှာလည်း သရေပွဲဖြစ်ခဲ့ပါတယ်။ အခုပွဲက ဖေဖော်ဝါရီ ၂၂ရက်မှာဆိုတော့ ကျွန်တော့် လက်ဝှေ့ပွဲတွေ စိပ်နေတယ်"** လို့ လုံးချောက ပြောပြပါတယ်။

လက်ဝှေ့ပွဲတွေ ထိုးသတ်ခဲ့ရလို့ မျက်နှာမှာ ဒဏ်ရာတွေ ရှိနေပေမယ့် အပြုံးမပျက်ဘဲ ဖြေကြားနေတဲ့အတွက် ခံနိုင်ရည်အားကောင်းတဲ့ လက်ဝှေ့သမားတစ်ဦးဆိုတာ မြင်တွေ့ရပါတယ်။ အခု ထိုးသတ်တော့မယ့် စိန်ခါသူ ရှမ်းလေးသွေး(ခ) ကျော်စွာနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါ **"ရှမ်းလေးသွေးနဲ့ တစ်ခါမှ မထိုးခဲ့ဖူးပါဘူး၊ ဒါပထမဆုံးအကြိမ်ပါ၊ အရင်တုန်းကတော့ သူထိုးသတ်ခဲ့တဲ့ လက်ဝှေ့ပွဲအခွေတွေ ကြည့်ဖူးပါတယ်။ သူဟာ ကျွန်တော့အတွက် ပြိုင်ဘက်ကောင်းတစ်ဦး ဖြစ်မှာပါ၊ ဒီပွဲအတွက် လေ့ကျင့်မှုကတော့ နေ့စဉ်ပြုလုပ်နေပါတယ်။ ဒီပွဲနဲ့ ပတ်သက်ပြီး ပြောရရင်တော့ ကစားသမားတိုင်းဟာ နိုင်ပွဲပဲလိုချင်ကြတာပါ၊ ဒီပွဲမှာ ကျွန်တော်တတ်စွမ်းတဲ့ပညာနဲ့ အကောင်းဆုံး ထိုးသတ်သွားမှာပါ"** လို့လည်း ဖြေကြားသွားပါတယ်။

လုံးချောကို စိန်ခါထိုးသတ်မယ့် ရှမ်းလေးသွေး(ခ)ကျော်စွာဟာ နာမည်ကျော် ကျွဲမင်းရိုးရာ လက်ဝှေ့အဖွဲ့ကို တည်ထောင်ခဲ့တဲ့ ဆရာကြီး ဦးသန်းရွှေ (မြဝတီ)ရဲ့ ရင်သွေးတစ်ဦး ဖြစ်ပါတယ်။

မာကျောမှု၊ တုံ့ပြန်ရာ၌ပြင်းထန်အားပါမှုတို့ကြောင့် ပြိုင်ဘက်တိုင်းတုန်လှုပ်ချောက်ချားစရာဖြစ်အောင် လက်ဝှေ့စွမ်းရည်ပြနိုင်သူ ရှမ်းလေးသွေး(ခ)ကျော်စွာ။

ရှမ်းလေးသွေး(ခ) ကျော်စွာဟာ ရေတာရှည် ဝင်းနိုင်ထွန်း၊ ရွှေခါးပတ် ချန်ပီယံတွေဖြစ်တဲ့ စောသဲအောင်၊ အယ်ထီးကော်၊ ရွှေရုဝံ၊ အောင်အောင်ထွန်းတို့နဲ့ ထိုးသတ်ခဲ့သူဖြစ်ပြီး ချန်ပီယံ ဝမ်ချိုင်းကို အလဲထိုးပြီး ပထမတန်းချန်ပီယံအဖြစ် ရရှိခဲ့ဖူးသူ ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၁ ခုနှစ်က ဩစတြေးလျနိုင်ငံကိုသွားရောက်ပြီး ဩစတြေးလျ ကစ်ဘောက်ဆင် ချန်ပီယံ ဒေါမနစ်ဂီဘားနားကို သရေထိုးသတ်ခဲ့သူ ဖြစ်သလို ထိုင်းနိုင်ငံ မဲဆောက်မြို့ ဖိကျောက်ကလပ်မှာ စနစ်တကျ အပြင်းအထန်လေ့ကျင့် နေတာမို့ တင့်ကားတစ်စီးလို ပြိုင်ဘက်ကို တုန်လှုပ်ချောက်ချားအောင် ထိုးသတ်နိုင်သူလည်း ဖြစ်ပါတယ်။ ဒါကြောင့် လုံးချောနဲ့ ရှမ်းလေးသွေး (ခ)ကျော်စွာတို့ရဲ့ စိန်ခါပွဲကတော့ ပရိသတ်ရင်ကို တဒိတ်ဒိတ် ခုန်စေဦးမယ့် ပွဲကြီးပွဲကောင်းဖြစ်မှာ သေချာနေပါတယ်။

ကယ်(လ်)ဆမ် မျှော်စင်ကျွန်းမှ စိန်ခါသံ(၇)ပွဲမှာ အထူးငါးချီ စိန်ခါအဖြစ် စောသဲမင်း(KLN)နဲ့ မိုက်သဲလေး(ဒေါင်းမြန်မာ)တို့ပွဲမှာ ထိုးသတ်မယ့် စောသဲမင်းနဲ့ ဆက်လက်တွေ့ဆုံမေးမြန်းတဲ့အခါ **"အခုကျွန်တော်နဲ့ထိုးသတ်မယ့် မိုက်သဲလေးကို အရင်က သုံးကြိမ် ထိုးသတ်ခဲ့ဖူးပါတယ်။ ကျွန်တော်က တစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြစ်အောင် ထိုးနိုင်ခဲ့ပါတယ်။ မိုက်သဲလေးဟာကျွန်တော်နဲ့ လက်ရည်လည်းတူ၊ အားလည်းမျှတဲ့ ပြိုင်ဘက်ဖြစ်တာမို့ ကျွန်တော် သေသေချာချာ လေ့ကျင့်ပြင်ဆင်ပြီး ထိုးသတ်မှာပါ"** လို့ ဖြေကြားသွားပါတယ်။

"မိုက်သဲလေးက ကျွန်တော်ရဲ့ ပြိုင်ဘက်ကောင်းပါ" စောသဲမင်း

ရန်ကုန်မြို့ ကရဝိက် ဥယျာဉ်ကမ္ဘာ (မျှော်စင်ကျွန်း)မှာ ဖေဖော်ဝါရီ ၂၂ရက်နေ့ ယှဉ်ပြိုင်ထိုးသတ်ကြမယ့် ပွဲတွေကတော့ ထပ်ဆင့်ရွှေခါးပတ် ချန်ပီယံ လုံးချောနဲ့ စိန်ခါသူ ချန်ပီယံဟောင်း ရှမ်းလေးသွေး(ခ) ကျော်စွာ၊ တိုင်းနှင့်ပြည်နယ် အကောင်းဆုံး ရွှေတံဆိပ်ဆုရ ဖွဲ့သတ္တိ(သူရဲကောင်း)နဲ့ ကျော်ခေါက်(ဒေါင်းမြန်မာ)၊ တိုင်းနှင့်ပြည်နယ်ငွေတံဆိပ်ရ စောသဲမင်း (KLN)နဲ့ တိုင်းနှင့်ပြည်နယ် ငွေတံဆိပ်ရ မိုက်သဲလေး(ဒေါင်းမြန်မာ)၊ အောင်သူရ(ဒေါင်းမြန်မာ)နဲ့ သိန်းဇံ(ရက္ခဖျာလ)၊ စောနေအောင်(ရွှေလက်ရာ)နဲ့ ရာဟု(မထိလာ)၊ ရှမဝ(ဘားအံ)နဲ့ စောဇော်မင်း(ရွှေလက်ရာ)၊ ထွန်းထွန်းဝင်း(ဒေါင်းမြန်မာ)နဲ့ စောသားငယ်(မထိလာ)၊ ဂျိုးမတေ(သူရဲကောင်း)နဲ့ သောကြာထွန်း(မထိလာ) တို့ရဲ့ ပွဲစဉ်တွေပါဝင်နေတာမို့ပရိသတ်အကြိုက် လက်ဝှေ့ပွဲတွေအဖြစ် ရှုစားကြရမှာဖြစ်ပါကြောင်း လက်ဝှေ့သတင်းစကားပါး ရေးသားလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

ကယ်(လ်)ဆမ် မျှော်စင်ကျွန်းမှ စိန်ခါသံ(၇) မီဒီယာ ရှင်းလင်းပွဲသို့ တက်ရောက်သတင်းယူနေကြသူများ။

သပြေကန်မဟာထေရ ဂုဏပူဇာမင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌတွဲဖက်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ကျမ်းပြုအကျော် သပြေကန် ဆရာတော်မြတ်ကြီး၏ စံလွန်တော်မူသည့် (၁၃)ကြိမ်မြောက် ဂုဏ်ရည်မှန်းဆပူဇော်ပွဲကြီးကို ဖေဖော်ဝါရီ ၁၂ရက် နံနက်၉နာရီက ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ဓမ္မသာလ သပြေဗိမာန် သုံးထပ်ကျောင်းတော်ကြီး၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မြသိန်းတန်ဆရာတော် ဘဒ္ဒန္တသောဘန၊ ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမာစာရ အမှူးပြုသော ဆရာတော်၊သံဃာတော် အရှင်သူမြတ်များ၊ သာသနာ့ပါလက အဖွဲ့ဝင်များ၊ တပည့်ဒါယကာ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက သပြေကုန်းဆရာတော် ဘဒ္ဒန္တဝါသုဒေဝက ငါးပါးသီလချီးမြှင့်ပြီး ဦးသက်စိန်(ဖြူး)က ဆရာတော်မြတ်ကြီးအား ဂုဏ်ပြုပူဇော်လွှာကို လျှောက်ထားဖတ်ကြားသည်။ **(အပေါ်ပုံ)** ယင်းနောက် သီဟသုဓမ္မမဏ်ိဇောတရေ ဦးခင်လှက ပူဇော်ပွဲကျင်းပရခြင်းကို လျှောက်ထားပြီး သုံးထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် သပြေကုန်းဆရာတော်က ရေစက်ချအနုမောဒနာတရား ချီးမြှင့်ကာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မဟာမြိုင် လမ်း အမှတ် ၃၁ (က) နေ ဦးသိန်းဟန်-ဒေါ်မြရီ သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါ လမ်း မင်းကွန်း တိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်း တော်ကြီးအတွက် အလှူငွေကျပ် သိန်း ၂၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးသိန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဇမ္ဗူရတနာ ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း ဆုပေးပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဇမ္ဗူရတနာ ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်းမှ ကြီးမှူးကျင်းပသော (၂၃)နှစ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ထူးချွန်သောမင်္ဂလာ မောင်မယ်များ ဆုချီးမြှင့်ပွဲကို မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးတိုက် မြတ်မင်္ဂလာကျောင်းတွင်ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒ၊ သင်တန်းများ တာဝန်ခံဆရာတော် သဒ္ဓမ္မဇောတိကဓဇ အရှင်သြဘာသတို့ တက်ရောက်ချီးမြှင့်တော်မူပြီး သာသနာရေးဦးစီးဌာနမှ အကြံပေးအရာရှိ ဦးထင်မျိုးက သာသနာရေးဆိုင်ရာကိစ္စများကို လျှောက်ထားသည်။ **(အပေါ်ပုံ)**

(က-ပ)

နန္ဒနေဦးပါနေဓမ္မသာလာ အဆောက်အအုံဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း လမ်းသွယ်၃ အမှတ် ၅/၇တွင် တည်ဆောက်ပြီးစီးသွားသော နန္ဒနေဦးပါနေဓမ္မသာလာ အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ် နာယက အလှူရှင် ဦးနန္ဒကအဆောက်အအုံ ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုက ဝမ်းမြောက်စကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခ(စီမံ) ဒေါက်တာမြင့်ကြည်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူ ဓမ္မအဖွဲ့ချုပ်နာယကဦးကူလ်ဒစ်၊ အလှူရှင် ဦးနန္ဒနှင့် ဒေါ်ကာလာဝသီတို့က နန္ဒနေဦးပါနေဓမ္မသာလာ အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက နန္ဒနေဦးပါနေဓမ္မသာလာ အဆောက်အအုံ ကမ္ပည်းကျောက်စာမော်ကွန်းနှင့် စာတမ်းတို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး **(အပေါ်ဝဲပုံ)** အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကာ အဆောက်အအုံအတွင်းလှည့်လည် ကြည့်ရှုကြသည်။

လှူဒါန်း

နန္ဒနေဦးပါနေဓမ္မသာလာ အဆောက်အအုံကို အလှူရှင် ဦးနန္ဒနှင့်ဇနီး ဒေါ်ကာလာဝသီမိသားစုက ငွေကျပ် သိန်း ၇၀၀၀ ကျော်အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ပြိုင်ပွဲလက်ရည်စစ်ပြိုင်ပွဲ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ International Beverages Trading Co.,Ltd.အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ Grand Royal Special Reserve Golf Championship 2008, Qualify Round ၏ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က မန္တလေးမြို့ရှိOriental House ခန်းမ၌ ဆက်လက်ကျင်းပရာ International Beverages Trading Co.,Ltd. မှ Design and Development ဒါရိုက်တာဦးတင့်ဦးက Putting Challengeပြိုင်ပွဲတွင် ပထမရရှိသော ဌေးဦးအားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက ၂၈၆ ကိုက်နှစ်ပေဖြင့်ကျင်း အမှတ် (၅)တွင် Longest Driveဆုရရှိသော မိုးကျော်ကျော်အားလည်းကောင်း၊ တစ်ပေငါးလက်မဖြင့် ကျင်းအမှတ်(၁၁)တွင် Nearest To Thepin ရရှိသော ဒေါက်တာတူးဂျာအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆုပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသော ဆဋ္ဌမမှ ဒသမအထိ ဂေါက်သီးရိုက် အားကစားသမားများအားလည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးမောင်ပုက ပထမမှ ပဉ္စမအထိ ဂေါက်သီးရိုက်အားကစားသမားများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းကNett Total ၁၃၈ ချက်ဖြင့် ပထမရရှိသော မြင့်ကို၊Nett Total ၁၃၈ ချက်ဖြင့် ဒုတိယရရှိသော လင်းသဲနှင့် Nett Total ၁၃၉ ချက်ဖြင့် တတိယရရှိသော မျိုးထွန်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်မြို့၌ ကျင်းပမည့် ဗိုလ်လုပွဲ(Final Round)သို့ မန္တလေးမြို့ လက်ရည်စစ်ပြိုင်ပွဲ ဝင်ခွင့်ရရှိကြသော မြင့်ကို၊ မျိုးထွန်း၊ အေးမင်းချို၊ လင်းသဲနှင့်ကြည်လွင်တို့အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ဆုများပေးအပ် ချီးမြှင့်သည်။ **(ဝဲပုံ)**

တာဝန်ယူဆောင်ရွက်

အဆိုပါပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co.Ltd က ဖြစ်ပြီး Co Sponsor အဖြစ် Dusit Inya Lake Hotel Srixon နှင့် Alpine (Purified Drinking Water)တို့က လည်း ထပ်မံ၍ကူညီပံ့ပိုးကြကာ ပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်ငါးရပ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များအား မဟာဘွဲ့နှင်းသဘင်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပ၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် လှူဒါန်းပူဇော်သည့် (၂၈)ကြိမ်မြောက် ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်ငါးရပ်စာမေးပွဲ၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် စာမေးပွဲအထူးအောင်ပုဂ္ဂိုလ်များအား မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ၉ရက် မွန်းတည့် ၁၂နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့က မကွေးဆရာတော်ကြီးအမှူးပြုသော ပင့်သံဃာတော်ကြီးများအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့က ဆရာတော်ကြီးများထံ သာသနာရေးဆိုင်ရာများ အသီးသီးလျှောက်ထားကြသည်။

ဆက်ကပ်ချီးမြှင့်

ထို့နောက် မဟာဘွဲ့နှင်းသဘင် အထူးအောင် သံဃာတော်များအား အောင်လက်မှတ်နှင့် ဆုတံဆိပ်များဆက်ကပ်ချီးမြှင့်ရာ တိုင်းမှူးက ဓမ္မာစရိယတန်းတွင် အဂ္ဂမဟာအကျော်ရရှိသော မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မဋ္ဌာနာကျောင်းမှ အရှင်အဂ္ဂသီလ၊ ဒုတိယရရှိသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်မှ အရှင်ပညာသိဟာလင်္ကာရနှင့် ဧရာဝတီတိုင်း ဟင်္သာတမြို့ ရတနာဗိမာန်ကျောင်းမှ ဦးတေဇနိယတို့အား အောင်လက်မှတ်နှင့် ဆုတံဆိပ်များ ဆက်ကပ်ချီးမြှင့်သည်။ ထို့နောက် ဝန်ကြီးကပထမကြီးတန်းတွင် ပထမကျော်ရရှိသည့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းမှ အရှင်ဣန္ဒကဝိသဠာလင်္ကာရ၊ ဒုတိယရရှိသော ဧရာဝတီတိုင်း ညောင်တုန်းမြို့ တောင်ညိုကျောင်းတိုက်မှ အရှင်အဘိဇနှင့် တတိယရရှိသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ဦးပညာသေဌာလင်္ကာရတို့အား အောင်လက်မှတ်နှင့် ဆုတံဆိပ်များဆက်ကပ်ချီးမြှင့်သည်။

ယင်းနောက် မြို့တော်ဝန်က ပထမလတ်တန်းတွင် ပထမရရှိသော စစ်ကိုင်းမြို့နယ် မြစကြာကျောင်းတိုက်မှ အရှင်သူရိယာလင်္ကာရ၊ ဒုတိယရရှိသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်မှ အရှင်ကုသလာလင်္ကာရနှင့် တတိယရရှိသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ ရှင်တေဇောဘာသာလင်္ကာရတို့အား အောင်လက်မှတ်နှင့် ဆုတံဆိပ်များကို ဆက်ကပ်ချီးမြှင့်ပြီး တာဝန်ရှိသူများက ပထမငယ်တန်း၊ ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းငါးကျမ်း၊ ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်း၊ သံယုတ္တနိကာယ(သုတ္တန္တပိဋက)သုတ်သုံးကျမ်း၊ အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)သုတ်သုံးကျမ်း၊ ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) ပထမပိုင်းနှစ်ကျမ်း၊ ပထမ၊ဒုတိယ၊တတိယရရှိသော သံဃာတော်များနှင့် ခုဒ္ဒကနိကာယ (ဝိနယပိဋက) မဟာဝိဒူဝိနည်း၊ အဋ္ဌကထာသုံးကျမ်းအောင် သံဃာနှစ်ပါး၊ ဒီဃနိကာယ (သုတ္တန္တပိဋက)၊ ဒီဃနိကာယ အဋ္ဌကထာ အောင်မြင်သော သံဃာတစ်ပါးတို့အား အောင်လက်မှတ်နှင့် ဆုတံဆိပ်များ ဆက်ကပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး၏ဇနီးနှင့်တာဝန်ရှိသူများက ဓမ္မာစရိယတန်းနှင့် ပထမငယ်တန်းတို့တွင် ပထမရရှိကြသူများ၊ ဝိသုဒ္ဓိမဂ်အထူးအောင်နှင့် ဂုဏ်ထူးဖြင့် အထူးအောင်မြင်ကြသူများအား ဘွဲ့တံဆိပ်များ ဆက်ကပ်ကြသည်။

အဆိုပါမဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓမ္မာစရိယပါဠိဂုဏ်ထူးအောင် သံဃာတော်ရှစ်ပါး၊ ဓမ္မာစရိယအောင်သံဃာတော် ၄၁၄ပါး၊ သီလရှင်အပါး၃၀၊ ဓမ္မာစရိယအထူးအောင် သီလရှင်တစ်ပါး၊ ပထမကြီးတန်းအထူးအောင် အမျိုးသမီးတစ်ဦး၊ ပထမလတ်တန်းအထူးအောင် သီလရှင်တစ်ပါး၊ ပထမငယ်တန်းအထူးအောင် သီလရှင်တစ်ပါး၊ နိကာယ်အထူးအောင် သီလရှင်တစ်ပါး၊ အဘိဓမ္မာအထူးအောင် သီလရှင်တစ်ပါး၊ အမျိုးသားနှစ်ဦးနှင့် ဂုဏ်ထူးဆောင်အထူးအောင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ ဝိသုဒ္ဓိမဂ် အထူးအောင် အမျိုးသမီးသုံးဦးတို့အား ဆုတံဆိပ်နှင့် အောင်လက်မှတ်များ ဆက်ကပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၂ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ကျောက်တံတားမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့် ဖတ်ကြားစဉ်။ (က-ပ)

လယ်တီ ဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်(၃၃၇/က)ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁၇)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဖေဖော်ဝါရီ ၂၂ရက်မှ ၂၉ရက် (တပို့တွဲလဆန်း ၁၅ရက်မှ တပို့တွဲလပြည့်ကျော် ၈ရက်)အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း- ၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်ပွဲနှင့် ကုန်ပစ္စည်းအသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

Beauty World Stationary Co., Ltd. ၏ ၂၀၀၇ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်ပွဲနှင့် ကုန်ပစ္စည်းအသစ် မိတ်ဆက်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် ညနေ၆နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Parkroyal ဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ Beauty World Stationary Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးခင်မောင်ဦးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ (အောက်ပုံ)

ရှင်းလင်းပြောကြား

ထို့နောက် ထုတ်လုပ်မှုအင်ဂျင်နီယာ ဦးဇင်မောင်ဦးက ကုမ္ပဏီမှ အသစ်ထုတ်လုပ်မည့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် Smart Correction Penများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုညစာ

ယင်းနောက် ၂၀၀၇ ခုနှစ်အတွက် ကုန်ပစ္စည်းအများဆုံးဝယ်ယူရောင်းချပေးခဲ့သော ကုန်သည်ကြီးများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

Beauty World Stationary Co., Ltd.မှ အရည်အသွေးမြင့် Boss Reynold Ball Pen, Boss Smart နှင့် Glory Gel Pen များအပြင် Oval Correction Penများကိုလည်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည်။ ထို့အပြင် အရည်အသွေးမြင့် Ball Pen နှင့် Correction Pen၊ ခဲတံများကိုလည်း သုံးစွဲသူများအား ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ထပ်မံထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



မဟာဗောဓိစေတီ မနောရမသိမ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အလှူရှင် ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး(ငြိမ်း)နှင့် သား မောင်ဝင်းနိုင်အေးတို့အား ရည်စူး၍ ဒေါ်ခင်ထွေးရီ မိသားစု အမှတ် ၄၁(B) နတ်မောက်လမ်းသွယ်(၁) စောမဟာလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့က အလှူငွေကျပ် ၁၁၅၀၀၀ကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အဆိုပါ မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တနန္ဒိယ ဖုန်း- ၀၁-၅၄၀၀၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သတ္တမအကြိမ် ရွှေညဝါသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာဓုပရိယတ္တိစာသင်တိုက်၌ သတ္တမအကြိမ် ဓမ္မာစရိယနှင့် အဘိဓမ္မာ ရွှေညဝါဆရာဖြစ်သင်တန်းတို့ကို ဧပြီ ၂၄ရက်မှ ဇွန် ၃ရက်အထိ ရက်ပေါင်း ၄၀တိုင်တိုင် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ တက်ရောက်လိုသော သံဃာတော်များသည် ကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဖုန်း-၀၁-၅၁၀၅၆၆သို့ ဆက်သွယ်နိုင်ပြီး ဝင်ခွင့်လျှောက်လွှာများကို ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား ထုတ်ယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

အလက(၉) အင်းစိန်(ယခင်)စိန်ဂျော့ တတိယအကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၉)အလက(ယခင်)စိန်ဂျော့တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ၁၉၆၅ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၆ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ၁၇ရက်မှစ၍ အပတ်စဉ်(တနင်္ဂနွေနေ့တိုင်း)နံနက် ၉နာရီမှ ၁၁နာရီအထိ အစည်းအဝေးကို အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ပါရန် အပူဇော်ခံဆရာကြီး ဆရာမကြီးများဆက်သွယ်ကြပါရန်နှင့် အလှူငွေပါဝင်လှူဒါန်းလိုသောသူများသည် အလက(၉) အင်းစိန်ကျောင်းအုပ်ကြီး ဖုန်း-၆၄၀၁၆၉၊ ဦးခင်ချို ဖုန်း-၀၉-၅၁-၃၃၁၀၂၊ ၆၆၃၉၁၁၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း-၆၆၆၈၆၅၊ ဦးမြတ်စိုး ဖုန်း-၆၆၆၅၁၅၊ ဒေါ်စီစီမာ ဖုန်း-၆၄၃၈၇၉၊ ဒေါက်တာယုယုလွင် ဖုန်း-၅၆၅၇၉၆နှင့် ဦးတင်ထွန်းဦး ဖုန်း-၂၅၅၁၁၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက ကြီးမှူး၍ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁ ရက်က အလက(၃)တွင် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပရာ ကျောင်းသားကျောင်းသူများက ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေတောင်မြို့ ရွှေနတ်တောင်စေတီ စိန်ဖူးတော်တင်လှူပူဇော်ပွဲ ကျင်းပမည်



ရွှေတောင် ဇန်နဝါရီ ၂၉

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် သမိုင်းဝင် ရွှေနတ်တောင် စေတီတော်မြတ်ကြီး**(ဝဲပုံ)** လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၁ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၁ရက် (၁၃၆၉ခုနှစ်တပို့တွဲလပြည့်နေ့) နံနက်တွင် စိန်ဖူးတော်တင်မင်္ဂလာသဘင်ကို ပျော်ပွဲရွှင်ပွဲများ၊ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ၊ အငြိမ့်သဘင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ စေတနာရှင်၊ အလှူရှင်များ ကုသိုလ်ဒါန လှူဒါန်းမှုပြုလိုပါက ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဖုန်း-၀၅၃-၅၅၄၄၈၊ ဂေါပကအတွင်းရေးမှူး ဖုန်း-၀၅၃-၅၅၁၂၅၊ ဂေါပကဘဏ္ဍာတော်ထိန်း ဖုန်း-၀၅၃-၅၅၁၅၈ နှင့် ဦးအောင်မြင့်(ရန်ကုန်)ဖုန်း-၀၁-၃၈၄၁၉၀တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင် စက်မှုဇုန် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဒီဇင်ဘာ ၂၇ရက်က မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်အောင်ဝင်းစိန်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်တို့ဦးဆောင်၍ မော်လမြိုင်မြို့ စက်မှုဇုန်အတွင်းရှိ စက်ရုံအလုပ်ရုံများ၌ မီးသုံးစွဲမှုနှင့်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးကြစဉ်။ (၁၆၈)

ဟိုပင်မြို့ မိခင်/ကလေးအသင်းရုံး အဆောက်အအုံသစ်ဖွင့်

ဟိုပင် ဇန်နဝါရီ ၁၉

ကချင်ပြည်နယ် ဟိုပင်မြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်၉နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကို၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်း၊ မတည်အလှူရှင် ဦးနေမင်းထွန်းနှင့်ဇနီး ဒေါ်မြဒါလီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာ ၂၈ ရက်က ရွှေဘို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင် မြေတူးစက်ဖြင့် နမောမြေသား လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးမြို့ ကျောင်းပေါင်းစုံခရစ်ကက်ပြိုင်ပွဲ ဆုချီးမြှင့်

တောင်ကြီး ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၂၀ရက် နံနက် ၉နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်း အထူးတန်းပွဲကြည့်စင် ၌ ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရစ်ကက် အားကစားဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်

အဆိုပါခရစ်ကက်ပြိုင်ပွဲတွင် ပထမဆုရ အထက(၇)(က)အသင်း၊ ဒုတိယဆုရ အလက(၁၀)အသင်း၊ တတိယဆုရ အထက(၇)(ခ)အသင်းတို့က ရရှိကြပြီး အပစ်အကောင်းဆုံးဆုကို ခွန်ကျော်ကျော် အထက(၇)၊ အရိုက်အကောင်းဆုံးဆုကို ဇော်လတ် အထက (၇)၊အကောင်းဆုံး အားကစားသမားဆုကို ဇော်လင်းအောင် အလက(၁၀)တို့ကရရှိသွားကြရာ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်ဌေး၊ ပြည်နယ်ခရစ်ကက်အတွင်းရေးမှူးဦးဝင်းမော်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးစောနေမင်းထွန်းတို့က ဆုဒိုင်းများနှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ပြည်နယ် အား/က)**

မိုးညို မြို့မဈေးမီးသတ်တပ်ဖွဲ့သို့ မီးသတ်စက်ပေးအပ်

မိုးညို ဇန်နဝါရီ ၂၅

မိုးညိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအရန် မီးသတ်တပ်ဖွဲ့အတွက် လိုအပ်လျက်ရှိသော ဟွန်ဒါမီးသတ်စက်ပေးအပ်ပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမ၌ ကျင်းပရာ မြို့နယ် အမှုဆောင်အရာရှိ ဦးသိန်းနိုင်က မီးသတ်စက်ကို ပေးအပ်ပြီး ဈေးအရန်မီးသတ်တပ်ဖွဲ့ မှ ဦးညွန့်ဝေသန်းနှင့် ဦးဝင်းနိုင်တို့က လက်ခံယူကြသည်။ *(အောက်ပုံ)*

အဆိုပါ မီးသတ်စက် တန်ဖိုးမှာ ငွေကျပ်လေးသိန်းငါးသောင်းဖြစ်ပြီး ဈေးအကျိုးတော်ဆောင်အဖွဲ့က ပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်တက်ရောက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အထူးကုဆရာဝန်များ တောင်သာမြို့သို့ ကွင်းဆင်း အခမဲ့ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်

မြင်းခြံ ဇန်နဝါရီ ၃၀

မန္တလေးတိုင်းမြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမိုးဦးဆောင်၍ မြင်းခြံခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ အထူး ကုဆရာဝန်ကြီးများအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက်က မြင်းခြံခရိုင် တောင်သာ မြို့နယ် စုရပ်ကြီးကျေးရွာသို့ ကွင်းဆင်း၍ အခမဲ့ဆေးကုသမှု လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ဟောပြော

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးလှမိုးနှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးတို့က အဖွင့်အမှာစကား ပြောကြားကြပြီး ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ စိုးအောင်နှင့် အထူးကု ဆရာဝန်ကြီးများက ကျန်းမာရေး အသိပညာပေး ဟောပြောကြသည်။

ထို့နောက် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် စုရပ်ကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ကိုးရွာများမှ ဆေးကုသမှု ခံယူကြသည့် ကျေးလက်ပြည်သူ ၉၅၀တို့အား အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(၄၀၂)**

ဇန်နဝါရီ ၂၇ ရက်က ဇဟန်း မြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ပထမတန်း၌ ပထမဆုရ မအိမ့်မျက်ကြည်ဖြူဇော်အား ကျောင်းအုပ်ဆရာမကြီးက ဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

စဉ့်ကူး မိခင်/ကလေးအသင်း ကလေးပြိုင်ပွဲ ဆုချီးမြှင့်

စဉ့်ကူး ဇန်နဝါရီ ၃၁

စဉ့်ကူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၈နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာအေးအေးသန်းက ကလေးပြိုင်ပွဲတွင် အမှတ်ပေးစည်းမျဉ်းများနှင့်အညီ စနစ်တကျ ရွေးချယ်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို ကျင်းပသည်။

ဆက်လက်၍ ဆုရရှိကြသော ကလေးများအား ဆုများပေးအပ်ရာ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကလေးအုပ်စုလေးအုပ်စုမှ အုပ်စုအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် အမြွာဆုများရရှိကြသောကလေးများအား မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်နှင့် တာဝန်ရှိသူတို့က တစ်ဦးချင်းဆုများ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မူလတန်း ကျောင်းပေါင်းစုံ ဘက်စုံ အားကစားပြိုင်

ထီးချိုင့် ဇန်နဝါရီ ၂၂

ကသာခရိုင် ထီးချိုင့်မြို့နယ် ပညာရေးဦးစီးဌာနကကြီးမှူးပြီး၂၀၀၇-၂၀၀၈ ပညာသင်နှစ် အခြေခံပညာ မူလတန်း အဆင့် ကျောင်းပေါင်းစုံဘက်စုံ အားကစားပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီက ထီးချိုင့်မြို့မ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ထီးချိုင့်မြို့နယ် ပညာရေးမှူး ဦးထွန်းမြင့်က အမှာစကား ပြောကြားပြီး အခြေခံပညာ မူလတန်း အဆင့် ကျောင်းပေါင်းစုံ ဘက်စုံအားကစားပြိုင်ပွဲ ကွင်းဖွင့်ပွဲတွင် သုဝဏ္ဏအုပ်စုနှင့် ရာမညအုပ်စု(ကျား) ဘောလုံးပြိုင်ပွဲကို ကျင်းပရာ ရာမညအုပ်စုက သုဝဏ္ဏအုပ်စုအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒေသခံပြည်သူများ ရေရရှိစေရေးအတွက် နှစ်လက်မ စက်ရေတွင်းမှ ရေပေးဝေမှုကို အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ဇန်နဝါရီ၁ရက်က ဘူတာပိုင်း မြရတနာလမ်းဘေးရှိ ရေကန်ကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



ပဲခူးတိုင်း (အ နောက် ပိုင်း) ကြို့ပင်ကောက် မြို့ အမှတ်(၈၇)သစ်စက် (၂၅) နှစ်ပြည့် ငွေရတုသဘင် အခမ်းအနားကို ဇန်နဝါရီ ၈ရက်က သစ်စက်ခန်းမ၌ ကျင်းပရာ အမှတ် (၈၇) သစ်စက် မန်နေဂျာ ဦး အောင် သိန်း က အဖွင့် အမှာစကား ပြောကြားစဉ်။ (၀၄၀)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက ဝယ်ယူရရှိပြီးသောမြေ၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် သီဟသုဓမ္မ မဏိဇောတဓရ ဦးခင်မောင်သိန်း ခုနစ်နှစ်ပြည့်အားရည်စူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် ၉၁ (C-1) နေ ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုက အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ ဆရာတော် အရှင်ကုမာရ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပအထူးတရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း ပိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း တစ်လနှစ်ကြိမ် ကျင်းပအပ်သော ဝါပကာလ အထူး ၁၀ ရက် တရားစခန်းပွဲကြီးကို တပို့တွဲလဆန်း ၆ ရက်မှ ၁၅ရက် (ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၇ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ပေါက်တော ဓမ္မိကာရာမ ကျောင်းတိုက်မှ အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသြဘာသ (ဓမ္မာစရိယ၊ B.A,M.A)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ပိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများ ဖေဖော်ဝါရီ ၁၇ ရက်တွင် စာရင်းပေးသွင်းရမည်ဖြစ်ပြီး အဖွဲ့ချုပ်ကြီးအတွင်း လေးထပ်ဘောဇနဆောင် ဆောက်လုပ်နေပြီဖြစ်ရာ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(က-ပ)**

ဟင်္သာတ သာသနာရေးမှူးရုံးဆောက်ရန် မြေကွက်လှူဒါန်း

ဟင်္သာတ ဖေဖော်ဝါရီ ၆

ဟင်္သာတခရိုင်နှင့် ဟင်္သာတမြို့နယ် သာသနာရေးမှူးရုံး ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း၁၀၀ကျော်တန်ဖိုးရှိမြေကွက်ကို အလှူရှင်ဦးခင်မောင်မြင့်- ဒေါ်စန်းလှတို့၏ အသက်(၅၀)ပြည့် မွေးနေ့ရွှေရတုမင်္ဂလာနှင့် ထိမ်းမြားမင်္ဂလာသက်တမ်း (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာ အထိမ်းအမှတ်နေ့အဖြစ် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနသို့ မြေလှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂ရက်က အလှူရှင်များ နေအိမ် မြို့ပတ်လမ်း လယ်တီကွင်းရပ်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယက ဟင်္သာတမိုးကောင်း ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်ဒေသနာတော်များ ရွတ်ဖွားချီးမြှင့်ပြီး ခရိုင်သာသနာရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးချိုသိန်းက မြေလှူဒါန်းမှုဆိုင်ရာ စာချုပ်စာတမ်းများကို အလှူရှင်မိသားစုထံမှ လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(ယာပုံ)** (၁၄၆)

မော်ကျွန်း၌ သံဃာအပါး ၉၀၀ ကျော်အား ဆွမ်းလောင်းလှူ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂

မော်လမြိုင်ကျွန်း မြို့မ ၁ ရပ်ကွက် အောင်ဆန်း ၂ လမ်းမိသားစုများက ကြီးမှူး၍ မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ ကျောင်းပေါင်း ၄၁ကျောင်းမှ သံဃာတော် အပါး ၉၀၀ကျော်တို့အား (၁၂)ကြိမ်မြောက် အထူးဆွမ်းဆန်စိမ်း လောင်းလှူပွဲ၊ အရဏ်ဆွမ်းလောင်းပွဲနှင့် ဓမ္မပူဇာတရားပွဲများကို ဇန်နဝါရီ ၁၇ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည်။

ယင်းအထူးဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၂၇ ရက် ညနေ ၄ နာရီက မြို့မ(၁)ရပ်ကွက်အောင်ဆန်း ၂လမ်းမကြီး၌ ကျင်းပရာ မြို့ပေါ်ရှိ ကျောင်းပေါင်း ၄၁ ကျောင်းမှဆရာတော်၊ သံဃာတော်များ ကြွရောက်အလှူခံတော်မူကြရာ ကျောင်းတစ်ကျောင်းလျှင် ဆွမ်းဆန်တစ်အိတ်၊ စားသုံးဆီ တစ်ပုံးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ **(ယာပုံ)**

ထို့နောက် ဓမ္မပူဇာတရားပွဲများကို ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပရာ သဒ္ဓမ္မရံသီရိပ်သာဆရာတော် ဘဒ္ဒန္တ ဝိလာသဂ္ဂ၊ မော်ကျွန်းမိုးညို ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသနှင့် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ကြပြီး ဇန်နဝါရီ ၂၈ ရက်က မြို့ပေါ်ရှိ ကျောင်းပေါင်း ၄၁ကျောင်းမှ သံဃာတော် အပါး၉၀၀ကျော်တို့အား အထူးအရဏ်ဆွမ်းလောင်းလှူကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၄၂)

(၉၈)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ပာကျေးရွာ နယ်လှည့်သာသနာပြု မိုးကုတ်ကမ္မဋ္ဌာနာစရိယဓမ္မကထိက နိုင်ငံ့ဂုဏ်ဆောင် လူမှုထူးချွန်(ပထမဆင့်) ဆရာတော် ဘဒ္ဒန္တ ချင်းတွင်း အရှင်ကလျာဏ **(အပေါ်ပုံ)** သည် ဖေဖော်ဝါရီ ၆ရက်က အလုံမြို့နယ် ဗဟိုအမျိုးသမီးဆေးရုံကြီး သွေးလှူဘဏ်တွင် (၉၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ညောင်ဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ညောင်ဦးအထက၌ ကျင်းပရာ သတ္တမတန်းမှ ဆုရရှိသူ မောင်ကောင်းထူးရှိန်အား မြို့နယ်အတွင်းရေးမှူး ဦးဆန်းဝင်းက ထူးချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)

မြို့နယ် သတင်းများ

ဇေယျဝတီဆရာတော် တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် ၅ မေခလမ်း သစ်ဆိမ့်ကုန်း ရပ်ရှိ ပိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူ တောရရိပ်သာ ပဓာနနာယက ဇေယျဝတီ ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊ B.A)သည် တနင်္သာရီတိုင်း ကော့သောင်းမြို့ ၂မိုင်ရှိ မြတ်ဗုဒ္ဓဒေသနာ ဝိမလကာရီ ဓမ္မရိပ်သာကြီး၌ တပေါင်းလပြည့်ကျော် ၂ရက်မှ ၁၁ရက် (မတ် ၂၃ရက်မှ ဧပြီ၁ရက်)အထိ ကျင်းပမည့် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ပိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ ဆရာတော်၏ ကျောင်းတိုက်အတွင်း သုံးထပ်ဓမ္မာရုံတော်ကြီး တည်ဆောက်မည်ဖြစ်ပါ၍ ဖုန်း၀၉-၅၁-၃၇၀၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ယင်းမာပင်မြို့ မူလတန်းလွန်ကျောင်း၌ မူကြိုကလေးများ ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်

ယင်းမာပင် ဇန်နဝါရီ ၃၁

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အမှတ်(၂)အခြေခံပညာမူ လတန်းလွန်ကျောင်း၌ မူကြိုအရွယ်ကလေးများ ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီပြုံးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများ၏ ကဗျာရွတ်ဆိုပြိုင်ခြင်း၊ အကပြိုင်ခြင်းနှင့်ပုံပြောပြိုင်ခြင်းများကျင်းပပြီးဆုရရှိကြသည့်ကျောင်းသားကျောင်းသူများအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်က ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

စစ်ကိုင်းမြို့ ငါ့တရော်ကျေးရွာ၌ ကျောင်းဆောင်သစ် လှူဒါန်း

စစ်ကိုင်း ဇန်နဝါရီ ၃၀

စစ်ကိုင်းမြို့နယ် ငါ့တရော်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ငွေကျပ် ၂၂၈ သိန်း ကုန်ကျသော မန်းစတား ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ၁၉ရက်က ကျင်းပရာ ကျောင်းဆောင်သစ်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်း၊ အလှူရှင် မန်းစတားမော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် မန္တလာမြင့် စက်မှုလက်မှု ကုမ္ပဏီလီမိတက်မှ ဦးမြင့်ဆွေ၊ ကျေးရွာဥက္ကဋ္ဌ ဦးယဉ်ထွေး၊ ကျောင်းအကျိုးတော်ဆောင် ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် ဦးမြင့်ဆွေက မြို့နယ်ပညာရေးမှူး ဒေါ်နုနုရီထံ လွှဲပြောင်းပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

မော်လမြိုင်မြို့နယ် မရမ်းကုန်းမြို့ရှိ ကျိုက်သုတ်ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် ဖေဖော်ဝါရီ ၄ရက်က ဖခင်ဦးတောင်ရှမ်း၊ မိခင်ဒေါ်စိန်ညွန့်၊ အစ်မဒေါ်ရောင်အင်း၊ အစ်ကိုဦးတင်လှတို့အားရည်စူး၍ အလှူရှင် မော်လမြိုင်မြို့ တည်းကုန်းရပ်နေ ဒေါ်ရီဝေ၊ ဒေါ်ကြည်မိသားစုက ၉ လက်မပတ်လည် တစ်ကျပ်သား ရွှေစင်ရွှေပြား တစ်ချပ်အတွက် ငွေကျပ် ၄၃၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် လက်ခံယူစဉ်။ (၁၆၈)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

သာယာမည်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများ အားဖြင့် သာယာမည်။

ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဖေဖော်ဝါရီ ၃ ရက်တွင် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့် ရန်ကုန်ပညာရေး တက္ကသိုလ်တို့သို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၄ ရက်တွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်နှင့် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်တို့သို့ လည်းကောင်း သွားရောက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက်ဝန်ကြီးသည် ရန်ကုန်တိုင်း ပြန်ပြည့်မြို့စွမ်းအင်ကော်မတီနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒဌာနတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး သီးနှံအခြောက်ခံကိရိယာ၊ နေရောင်ခြည်စွမ်းအင်သုံးမီးဖို၊ နေရောင်ခြည်စွမ်းအင်သုံး ရေသန့်ကိရိယာ စသည့် သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ သွားရောက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

သတင်းနှင့် ဆောင်းပါးအညွှန်း

❐ **ကံကြမ္မာလေလား ဝဋ်လေလား** နိုင်ငံတကာမှုခင်း စာ – ၅

❐ **သတင်းသည် တိုပင်တိုသော်လည်း စီးပွားကုန်သွယ်ရေးနှင့် နီးနွယ်သည့် ဝေါဟာရအတော်များများ သုံးထားသည်ကို တွေ့ရပါမည်။ ဤသတင်းတစ်ပုဒ်တည်းကို အထပ်ထပ်ဖတ်ရှုလေ့လာခြင်းဖြင့် နောင်တွေ့ရမည့် စီးပွားရေးသတင်းများကို ပိုမိုနားလည်သဘောပေါက်လွယ်နိုင်ပါလိမ့်မည်။** အမ်အမ်အေ၏ နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင်.... စာ –၇

❐ **လက်ဝှေ့ဝါသနာအိုးများအတွက် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ ကယ်(လ်)ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၇) ကျင်းပမည်** မောင်မောင်မြင့်ဆွေ၏ ရိုးရာလက်ဝှေ့ သတင်းမြင်ကွင်း စာ – ၁၁

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေဿလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

15-2 (20) 1 2/15/08, 12:50 AM